မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၃၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ခဲ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကြောင့် တိုင်းပြည်အင်အားတောင့်တင်း၍ ဖွံ့ဖြိုးစည်ပင်ခဲ့သည်ကို လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ခြင်းကြောင့် တိုင်းပြည်အင်အားချည့်နဲ့၍ ဖွံ့ဖြိုးတိုးတက်မှု ခေတ်နောက်ကျခဲ့သည်ကို လည်းကောင်း သမိုင်းသင်ခန်းစာအဖြစ်ရယူ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်ကာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေးတို့ကို အဓိကဦးတည်လျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၇) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တည်ခင်းဧည့်ခံသော ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ နေပြည်တော်၌ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပသည်။

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပသည့် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်သို့ ညနေ ၆ နာရီခွဲတွင်ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ***စာမျက်နှာ ၃ ကော်လံ ၁*** ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ပေါ်ထွန်းရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကြိုးပမ်းတည်ဆောက်

မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်လာခဲ့သော နိုင်ငံဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စု၏ နယ်မြေဒေသ အစိတ်အပိုင်းအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးကို အလေးထား၍ စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးအခြေခံမြင့်မားမှု စသည့် အခြေခံကောင်းများကို အခိုင်အမာတည်ဆောက်နေပြီ ဖြစ်သည်။

ယခုအခါ နိုင်ငံတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲဆောင်ရွက်မှု ပြီးစီးတော့မည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် အဆိုးမြင်ဝါဒီများက ပြည်ထောင်စုကြီး အားနည်းချည့်နဲ့ပြီး ပြိုကွဲစေရန် လုပ်ကြံဖန်တီးမှုများဖြင့် လူမျိုးရေးသွေးခွဲ သပ်လျှိုမှုများ လုပ်ဆောင်နေလျက်ရှိသည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို နှောင့်ယှက်ဖျက်ဆီးလာသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးကြရမည် ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲမှသာ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ပေါ်ထွန်းလာမည်ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ငြိမ်းချမ်းသာယာ တည်ငြိမ်မှုရှိသည့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးကို အမျိုးသားရေး တာဝန်အဖြစ် တက်ညီလက်ညီ ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်သည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM&PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo
၇း၀၅-၁း၀၅	အဘိဓမ္မာနှင့်ဝိပဿနာ တရားတော် [အာနာပါန ရှုမှတ်နည်း (၄)နည်း] (မဟာသဒ္ဓမ္မဇောတိကဓဇ မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
၈း၀၀-၂း၀၀	Industrial Talk [ဦးစိန်နီ၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈း၃၅-၂း၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၀-၃း၀၀	အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	ရင်ခုန်ကြည်နူး အမှတ်တရလက်ဆောင်ထူး
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	ပိုင်းဝန်းပက်ဖျန်း မေတ္တာပန်း ထောက်ကြန့် ကလေးပြုစုရေးဌာန
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	Midweek Sports News
၁၀း၃၅-၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀-၄း၄၀	သိစေချင်သည် ICT (မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းနှင့် တွေ့ဆုံခြင်း)
၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀	နုနယ်နက်ရှိုင်းသော အတွေးတို့မှသည် အဖြူရောင်များပေါ်သို့
၁၁း၄၅-၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀-၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅-၅း၅၅	Yangon Panorama (အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲ ရန်ပုံငွေပွဲ)
၁၂း၁၀-၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅-၆း၁၅	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူ မွေးမြူ တို့အတူ ဝက်မွေးမြူရေး
၁၂း၃၀-၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅း-၆း၃၅	International Video Topics (ကမ္ဘာ့ဦးသတ္တဝါကြီးအား ခွဲစိတ်ခြင်း)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်သည်။

မြဝတီရုပ်မြင်သံကြား

၁၃-၂-၂၀၀၈(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေး တေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၂၁)
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၇၁)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	ICT သုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၅)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု မကွေးမြို့ သရဖီလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် သရဖီလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က မကွေးမြို့ သိင်္ဂါဂီရိရပ်ကွက် အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတင်နုက လမ်းဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကတ္တရာလမ်းသစ်ကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီးကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားဆိုင်းဘုတ်ကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

အဆိုပါ ကတ္တရာ လမ်းသစ်ကို မူလလမ်းအမျိုးအစား မြေသားလမ်းမှ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည်ပေ၁၆၀၀၊အကျယ် ၁၂ပေရှိ၍မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေကျပ် ၃၂၂၀၀၀၀ နှင့် ပြည်သူ ထည့်ဝင်ငွေ ကျပ် ၅၉၈၀၀၀၀ စုစုပေါင်း ကုန်ကျငွေကျပ် ၉၂၀၀၀၀၀ဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပေါ်လမ်းကိုးလမ်းတွင်ကတ္တရာလမ်းသစ် အရှည်တစ်မိုင် ခုနစ်ဖာလုံအား ဆောင်ရွက်ခဲ့ပြီး ကျေးလက်လမ်း ငါးလမ်းတွင် ကျောက်ချော လမ်းအရှည် လေးမိုင် နှစ်ဖာလုံနှင့် မြေသားလမ်း အရှည်ငါးမိုင်ငါးဖာလုံအားဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(မြို့နယ်စည်ပင်)**

နိုင်ငံလုံးကျွတ်ဓမ္မစကြာနှင့်ဝိပဿနာပြန့်ပွားရေးအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

နိုင်ငံလုံးကျွတ် ဓမ္မစကြာနှင့် ဝိပဿနာပြန့်ပွားရေးအသင်းချုပ်(နဓပ)၏ န၀မအကြိမ် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၂ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်းတောင်ရိုး မိဂဒါဝုန်ကျောင်းတိုက် ဓမ္မစကြာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်အသင်းချုပ် ဩဝါဒါစရိယဆရာတော်ကြီး ဘဒ္ဒန္တပညာသိရီဘိဝံသ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတက ကိုးပါးသီလနှင့်ဩဝါဒကထာချီးမြှင့်ပြီး အသင်းချုပ်ဥက္ကဋ္ဌဆရာတော် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဘဒ္ဒန္တဝရာဘိဝံသ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတက အဖွင့်ဩဝါဒကထာ မိန့်ကြားသည်။ (က-ပ)

ရန်ကုန်တိုင်း သုဝဏ္ဏမြို့နယ်နေ အောင် လမ်းသွယ်နေ အသွား ဒေါ်ခင် စန်း ရီ အား အမှူး ထားပြီး အမေရိကန် နိုင်ငံ နယူးယောက် မြို့မှ မောင်ဉာဏ်ဝင်းခင် နှင့် မနန်းနေ ခြည် ဦး တို့၏ မင်္ဂလာ နှစ်ပတ်လည် နှင့် မနန်းနေခြည်ဦး မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

✻ ရှေ့ဖုံးမှ

ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ မကျင်းပမီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့က ပဏာမဧည့်ခံတီးလုံးဖြင့်လည်းကောင်း၊ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် မြို့တော်ခန်းမဝင်းအတွင်းရှိ လဟာပြင် ကဇာတ်ရုံ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများက ပွဲဦးအလှ သုခမအက၊ ကချင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက မင်္ဂလာရှိသော ပြည်ထောင်စုသရုပ်ဖော်အက၊ ကယားပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက ကလူဒူအီလေ့(ခ) ဖားစည်အက၊ ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက ပင်လုံသက်သေ ဒုံးယိမ်းအက၊ ချင်းပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက လုံယူးအက၊ မွန်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ပွန်စလိုင်ယိမ်းအက၊ ရခိုင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ရသစုံလီ ရခိုင်စာပီ ယိမ်းအက၊ ရှမ်းပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ရိုးရာစုံစွာ ကမ္ဘောဇမြေမှာသရုပ်ဖော်အက၊ တနင်္သာရီတိုင်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက သွေးချင်းတို့ဆောင်နွဲ့မှန်းနဲပွဲသရုပ်ဖော်အက၊ ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မင်္ဂလာပါ တေးသရုပ်ဖော်အစီအစဉ်များဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မဟာသိမ်တော်ကြီးစာသင်တိုက် ဆွမ်းဆန်စိမ်းအလှူခံမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် သီတင်းသုံးနေထိုင်ကြသည့် စာချ စာသင် သံဃာတော်အရှင်သူမြတ်တို့ ဆွမ်း၊ ကွမ်း ပြည့်စုံမှုရှိစေရန်အတွက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ အရှင်သူမြတ် ဦးဆောင်၍ ဖေဖော်ဝါရီ ၁၄ ရက် (ကြာသပတေးနေ့)နှင့် ၁၅ ရက် (သောကြာနေ့)တို့တွင် ပန်းဘဲတန်းမြို့နယ်အတွင်းရှိ လမ်းများသို့လည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ ရက် (တနင်္လာနေ့)နှင့် ၁၉ ရက် (အင်္ဂါနေ့) တွင် လသာမြို့နယ်အတွင်းရှိ လမ်းများသို့လည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ ရက် (သောကြာနေ့)နှင့် ၂၃ ရက် (စနေနေ့) တို့တွင် ကျောက်တံတားမြို့နယ်အတွင်းရှိ လမ်းများအတွင်းသို့ လည်းကောင်း နံနက် ၈ နာရီခွဲတွင် ဆွမ်း၊ ကွမ်း လှူဖွယ်ဝတ္ထုအစုစုတို့အား အလှူခံကြွရောက်မည်ဖြစ်ကြောင်း နှိုးဆော်ထားသည်။ **(က-ပ)**

ကုန်းလမ်းပို့ဆောင်ရေး၏ရန်ကုန်-ညောင်ဦးခရီးစဉ် ရွှေညာမြေအမြန်ယာဉ်လိုင်းသစ် ဖွင့်လှစ်ပြေးဆွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ခရီးသည်ပို့ဆောင်ရေးဌာန အဝေးပြေးဌာနခွဲ၏ ရန်ကုန်-ညောင်ဦးခရီးစဉ် ရွှေညာမြေ အမြန်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်း အခန်း(၅) အဆောင်(က) ကုန်းလမ်းပို့ဆောင်ရေးကားဂိတ်၌ ကျင်းပရာ (အောက်ပုံ) **အစီအစဉ်အရ ကုန်းလမ်းပို့ဆောင်ရေးမှ ဒုတိယအထွေထွေမန်နေဂျာ ဦးလှဝင်းက ရွှေညာမြေအမြန်ယာဉ်လိုင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ညောင်ဦးမြို့သို့ စတင်ထွက်ခွာမည့် အမြန်ယာဉ်ပေါ်မှ ခရီးသည်များအား အမှတ်တရလက်ဆောင်များကို ပေးအပ်သည်။**

သက်သောင့်သက်သာ

ရွှေညာမြေခရီးစဉ်တွင် ခရီးသည် ၄၀ လိုက်ပါနိုင်သော Air Con. City Bus များဖြင့် တစ်ရက်ခြား ပြေးဆွဲပေးမည်ဖြစ်ပြီး ယာဉ်စီးခ ကျပ် ၆၂၀၀ နှင့် ယာဉ်ထွက်ခွာချိန်မှာ ရန်ကုန်နှင့် ညောင်ဦးတို့မှ မွန်းတည့် ၁၂ နာရီဖြစ်ကာ ခရီးသည်များ စိတ်ချမ်းမြေ့စွာဖြင့် သက်သောင့်သက်သာ ရှိစေသည့် ဝန်ဆောင်မှုများကို စီစဉ်ထားရှိသည်။

ဝယ်ယူနိုင်

လက်မှတ်များကို ရန်ကုန်မြို့ အောင်မင်္ဂလာယာဉ်ရပ်နားစခန်း ဖုန်း-၆၃၉၄၅၃၊ ၆၃၉၄၅၄၊ ၆၃၉၄၅၅-လိုင်းခွဲ ၂၆၆ အခန်း(၅) အဆောင်(က) ကုန်းလမ်းပို့ဆောင်ရေး လက်မှတ်အရောင်းဌာနနှင့် ညောင်ဦးမြို့ ရွှေစည်းခုံဘုရားအနီး စုပေါင်းဂိတ် ကုန်းလမ်းပို့ဆောင်ရေးလက်မှတ်အရောင်းဌာနနှင့် ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အရောင်းကိုယ်စားလှယ်တို့ထံတွင် ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

အရှေ့တီမောနိုင်ငံ၏ ခရီးကြမ်း

သတင်းအက်ဆေး
တိုး–ရေးသားသည်

အရှေ့ တီမောသမ္မတ ဂျို့စ်ရာမို့စ် ဟော်တာအား သူပုန်စစ်သားများက သေနတ်ဖြင့်ပစ်အပြီး နောက်တစ်ရက်တွင် မြို့တော်ဒီလီ၏ လမ်းမကြီးများမှာ ခြောက်ကပ်ကပ်ဖြစ်နေသည်။

အရှေ့တီမော၏ ယာယီခေါင်းဆောင် ဂတ်တာရက်စ်က ၄၈ နာရီကြာ အရေးပေါ်အခြေအနေ ကြေညာပြီးနောက် ရဲတပ်ဖွဲ့နှင့် နိုင်ငံတကာ တပ်ဖွဲ့ဝင်များက ပိုက်စိပ်တိုက် ကင်းလှည့်လျက်ရှိသည်။

တည်တည်ငြိမ်ငြိမ်

သမ္မတ ဂျို့စ်ရာမို့စ်ဟော်တာမှာ သေနတ်ဒဏ်ရာကြောင့် စိုးရိမ်ရသည်ဆိုသော်ငြား တည်တည်ငြိမ်ငြိမ်အခြေ အနေရှိသည်ဆို၏။

သမ္မတ ဂျို့စ်ရာမို့စ်ဟော်တာအား လုပ်ကြံရန် ကြိုးပမ်းမှုကို ကမ္ဘာ့ခေါင်း ဆောင်များက ပြစ်တင် ရှုတ်ချခဲ့ကြသည်။

ထိခိုက်ဒဏ်ရာ

သမ္မတကိုသာမက သူပုန်များက အရှေ့တီမောဝန်ကြီးချုပ် ဇာနာနာ ဂူစမာအိုကိုပါ ပစ်ကြခတ်ကြသေးသည်။ သို့သော် တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရခြင်း မရှိပေ။

၂၀၀၆ ခုနှစ် ဧပြီလနှင့် ဇွန်လကြားတွင် ဒီလီမြို့တော်၌ အကြမ်းဖက်မှုများ ပေါ်ပေါက်ပြီး နောက် အေးချမ်း တည်ငြိမ်သလိုလို ရှိခဲ့သော်လည်း ယခုကဲ့သို့ နိုင်ငံတော်သမ္မတအား လုပ်ကြံသတ်ဖြတ် အာဏာသိမ်းရန် ကြံစည်လုပ်ကိုင်လာခြင်းမှာ လွန်ခဲ့သည့်ခြောက်နှစ်ကလွတ်လပ်ရေး ရပြီးနောက် အဆိုးရွားဆုံး အကြမ်းဖက်မှုပင်ဖြစ်သည်။

သုံးကြိမ်တိုင်ပစ်ခဲ့

ဒီလီမြို့တော်ရှိ သူ့ နေအိမ်၌ ဖေဖော်ဝါရီ ၁၁ရက် နံနက်စောစောပိုင်းက သမ္မတရာမို့စ်ဟော်တာ၏ ဝမ်းဗိုက်နှင့် ရင်ဘတ်ကို သူပုန်တို့သည် သေနတ်ဖြင့် သုံးကြိမ်တိုင်ပစ်ခဲ့သည်။ သူ၏ သက်တော်စောင့်တစ်ဦးလည်း ဒဏ်ရာ ရသွားသည်။ သူပုန်စစ်သား နှစ်ဦးလည်း ထိုနေရာ၌ပင် သေဆုံးသွားသည်။ တစ်ဦးမှာ တရားခံပြေး အယ်ဖရက် ဒိုရေနာဒိုဖြစ်သည်။ ရေနာဒိုသည် တပ်မှ အထုတ်ခံရသော စစ်သား ၆၀၀ကို ဦးဆောင်ကာ တောနက် အတွင်း ပုန်းအောင်း ခိုလှုံနေသူ ဖြစ်သည်။

အုပ်ချုပ်ခဲ့

လူဦးရေ ၁ ဒသမ ၂ သန်းရှိ အရှေ့တီမောနိုင်ငံ၏ သမိုင်းကို ကြည့်လျှင် ၁၆၀၀ ပြည့်လွန်နှစ်များအတွင်းက တီမောကျွန်းကို ပေါ်တူဂီတို့ ကျူးကျော်ဝင်ရောက်ခဲ့သည်။ ၁၇၄၉ ခုနှစ်

သမ္မတဂျို့စ်ရာမို့စ်ဟော်တာ

တွင် ပေါ်တူဂီနှင့် ဒပ်ချ်တို့ နယ်ချဲ့ချင်းတိုက်ကြပြီးနောက် အရှေ့ပိုင်းကို ပေါ်တူဂီက ခွဲယူလိုက်သည်။ ၁၉၄၂ ခုနှစ်တွင် ဂျပန်တို့ ကျူးကျော်ပြီး ဩစတြေးလျတပ်များနှင့် တိုက်ပွဲဖြစ်သည်။ ၁၉၄၅ခုနှစ်အထိ ဂျပန်တို့ အုပ်ချုပ်ခဲ့သည်။

သိမ်းပိုက်

၁၉၇၅ ခုနှစ် နိုဝင်ဘာတွင် ပြည်တွင်းစစ်ခေတ္တဖြစ်ပွားပြီးနောက် အရှေ့တီမောလွတ်လပ်ရေး ကြေညာသည်။ ၁၉၇၅ခုနှစ် ဒီဇင်ဘာလတွင် ကွန်မြူနစ်ရန် တွန်းလှန်မည်ဟူ၍ ကြွေးကြော်ကာ အင်ဒိုနီးရှားတပ်များ ကျူးကျော်ဝင်ရောက်ပြီး အင်ဒိုနီးရှားနိုင်ငံ၏ ၂၇ခုမြောက် ပြည်နယ်အဖြစ် အရှေ့တီမောကို သိမ်းပိုက်သတ်မှတ်လိုက်သည်။

အင်ဒိုနီးရှား အုပ်ချုပ်မှုသည် ၁၉၉၉ခုနှစ်တိုင် စုစုပေါင်း ၂၅ နှစ်ကြာခဲ့သည်။ ၁၉၉၉ ခုနှစ် စက်တင်ဘာလတွင် လွတ်လပ်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်ရာ ပြည်သူ ၇၈ ရာခိုင်နှုန်းက လွတ်လပ်ရေးကို ထောက်ခံကြသည်။ ၂၀၀၂ ခုနှစ် မေ ၂၀ တွင် အရှေ့တီမော လွတ်လပ်ရေးရရှိသည်။ ၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂ အဖွဲ့ကြီး၏ ၁၉၁ခုမြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

အရှေ့တီမော လွတ်လပ်ရေး ခရီးသည် ရှည်ကြာသည့်အပြင် ဒုက္ခသုက္ခ ရောက်လှသော ခရီးကြမ်းဖြစ်သည်။

အတွေ့အကြုံများ

၂၁ရာစုတွင် ပထမဆုံး ပေါ်ပေါက်လာသော အရှေ့တီမော နိုင်ငံသစ်မှာ မျက်မှောက်ခေတ်၏ ဆိုးရွားသော အတွေ့အကြုံများကို ခံစားရသည်။

အရှေ့တီမော သမ္မတ ရာမို့စ် ဟော်တာအား ဩစတြေးလျနိုင်ငံ ဒါဝင်မြို့ ဆေးရုံ၌ ဖေဖော်ဝါရီ ၁၁ ရက်နေ့ညက နှစ်နာရီကျော်ကြာ ခွဲစိတ်ပြီး ကျည်အစအနများကို ဖယ်ရှားကာ ဒဏ်ရာများကို ချုပ်ပေးရသည်။ သေနတ်ပစ်ခံရပြီး ထိုမျှ သွေးထွက်များသည့်တိုင်အောင် အသက်မဆုံးရှုံးခြင်းမှာ အံ့ဩစရာကောင်းသည်ဟု ဒေါက်တာလင်းနိုတာရက်စ်က ပြောဆိုခဲ့၏။ သမ္မတ၏ ကျန်းမာရေး အခြေအနေမှာ မည်သို့ရှိလာမည်ကို စောင့်ကြည့်ရန်သာရှိသည်။

လက်နက်ချအဖမ်းခံ

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ကပင် ယခုသေဆုံးသူ သူပုန်ခေါင်းဆောင်ရေနာဒိုကို သမ္မတ ရာမို့စ်ဟော်တာ ကိုယ်တိုင် လက်ခံတွေ့ဆုံပြီး လက်နက်ချအဖမ်းခံရေး ဆွေးနွေးခဲ့ကြသေးသည်။

သို့သော် အယ်ဖရက်ဒိုရေနာဒိုလည်းမရှိတော့။ သမ္မတ ရာမို့စ်ဟော်တာမှာလည်း ဩစတြေးလျ ဆေးရုံတစ်ရုံတွင် ဒဏ်ရာပြင်းထန်စွာ ခံစားနေရသည်။

ဝန်ကြီးချုပ် ဂူစမာအိုက ပြည်သူတို့ အေးအေးချမ်းချမ်းရှိကြရန် မေတ္တာရပ်ခံထားသည်။ သို့သော် ရေနာဒိုကို ထောက်ခံသူများက မည်သို့ ခေါင်းထောင်လာဦးမည်ကိုကား မည်သူမျှ ကြိုတင်ခန့်မှန်း၍ ရနိုင်မည် မဟုတ်ပါပေ။ လွတ်လပ်ရေးရပြီး ခရီးကြမ်းကို မည်မျှကြာကြာ လျှောက်လှမ်းရဦးမည်မသိပါချေ။ ။

အီရတ်၌အသေခံကားဗုံးခွဲ အနည်းဆုံး ၅၃ဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၂

အီရတ်နိုင်ငံ ဘာလက်မြို့အတွင်း အသေခံကားဗုံးခွဲမှုတစ်ရပ် ဖေဖော်ဝါရီ ၁၀ရက်က ဖြစ်ပွားခဲ့ရာ ယနေ့အထိ ၅၃ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ကြေညာသည်။

ဘာလက်မြို့ အီရတ်စစ်တပ် စစ်ဆေးရေးဂိတ်အနီးတွင် ယင်းနေ့ ညနေ ၄နာရီခွဲ လူစည်ကားချိန်တွင် အသေခံဗုံးခွဲခဲ့ခြင်းဖြစ်သည်။

အမေရိကန်ကာကွယ်ရေး ဝန်ကြီး ရောဘတ်ဂိတ်သည် အီရတ်ရှိ အမေရိကန်စစ်ဘက်ခေါင်းဆောင်များ၊အီရတ်အရာရှိများနှင့်တွေ့ဆုံရန် ဘဂ္ဂဒက်မြို့သို့ ရောက်ရှိစဉ် ဘာလက်မြို့၌ ထိုသို့ အသေခံ ကားဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ (အင်တာနက်)

နိုင်ငံတကာမှုခင်းဖြစ်ရပ်

ချစ်စိုးနိုင်
ကိုးကားရေးဖွဲ့ သည်

မေတ္တာသွေးဖည် စိမ်းရက်ခဲ့လေပြီ

ကာဒစ်ဖ်မြို့သည် ဗြိတိန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် တည်ရှိသည်။ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ပြီး ဝေလပြည်နယ်၏ မြို့တော် ဖြစ်သည်။ လူဦးရေ သုံးသိန်းကျော် နေထိုင်ပြီး အတန်အသင့် စည်ကားသည်။ အေးဆေးဆိတ်ငြိမ်သော မြို့ကလေး ဖြစ်သည်။

တရေးရေးပေါ်လာ

လွန်ခဲ့သော ၅၈နှစ်ခန့်ကတည်းက ယင်းမြို့တွင် နေထိုင်ပြီး ယခု ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် နေထိုင်သူ ဖရက်ဒရစ်ဘွိုင်လီ **(အပေါ်ဝဲ)**သည် ငယ်စဉ်ကအေးချမ်းသာယာသောဘဝနှင့် အိမ်ထောင်ပြုပြီး ဆယ်နှစ်ကျော်အကြာမှ ယနေ့အထိ ငရဲခန်းကို ဖြတ်သန်းခဲ့ရသည့် ဘဝကို ယှဉ်တွဲပြီး စဉ်းစားကာ အတိတ်ဖြစ်ရပ်များက မျက်စိထဲတွင် တရေးရေးပေါ်လာတော့သည်။

မိန်းမချောကလေး

၁၉၇၂ခုနှစ် နှစ်စပိုင်းကအသက် ၂၂နှစ်အရွယ်ရှိ ဖရက်ဒရစ်ဘွိုင်လီသည်သူ့ထက်သုံးနှစ်ငယ်သော အီဒွင်နာ **(အပေါ်ယာ)**ဆိုသူ မိန်းမချောကလေးနှင့် လက်ထပ်ခဲ့သည်။ ထိုစဉ်က သူတို့သည် တစ်ဦးကိုတစ်ဦး မျက်စိအောက်က အပျောက်မခံနိုင်အောင်ပင်မြတ်နိုးချစ်ခင်ခဲ့ကြသည်။ ယင်းနှစ် နှောင်းပိုင်းတွင် သူတို့သည် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့သို့ စီးပွားရှာ ခရီးဆန့်ခဲ့ကြသည်။

သာယာစိုပြည်

သူက ကုမ္ပဏီကြီးတစ်ခုတွင် ဝန်ထမ်းဖြစ်ပြီးအက်ဒွင်နာကအသက် ၁၀နှစ်ရှိကာရီဆာနှင့်အသက်ရှစ်နှစ်ရှိ ရှရွန်ဆိုသည့် သမီးနှစ်ဦးကို ထိန်းသိမ်းစောင့်ရှောက်ကာ အိမ်ထောင်မှုကို နိုင်နင်းသူဖြစ်သည်။ သူတို့နှစ်ဦးစလုံး အိမ်ထောင်သက် ၁၀နှစ်ကျော်သည်အထိ အိမ်ထောင်ရေးမှာ သာယာစိုပြည်ခဲ့သည်။

ရွံ့ရှာစက်ဆုပ်ဖွယ်

အီဒွင်နာဘွိုင်လီသည် ခင်ပွန်းသည်အပေါ်တာဝန်ကျေပွန်ပြီး သစ္စာရှိလေသည်။ ထိုသို့သစ္စာရှိခြင်းကပင် ဖရက်ဒရစ်အတွက် ဝေခွဲရခက်ခဲကာ အကျပ်ဆိုက်နေခဲ့သည်။ အကြောင်းမှာ ဖရက်ဒရစ်သည် အချစ်ဟောင်း အီဒွင်နာဘွိုင်လီကိုကျောခိုင်းပြီးအချစ်သစ် ဗာဂျီးနီးယားဂစ်ဆာရာ၏အယုအယကြားတွင် ပျော်မွေ့နေမိသောကြောင့်ဖြစ်သည်။

တစ်ဖက်တွင်လည်း ဇနီးသည်အပေါ် သစ်စိမ်းချိုး မချိုးရက်နိုင်ပေသည်။ သို့သော်လည်း အချစ်သစ်ကို ဆာလောင်မွတ်သိပ်နေသူ ဖရက်ဒရစ်သည် ဆင်ခြင်တုံတရားခေါင်းပါးကာ မကြံစည်သင့် မကြံစည်အပ်သော ရွံ့ရှာ စက်ဆုပ်ဖွယ် ပြစ်မှုကြီးကို ကျူးလွန်မိတော့သည်။

တစ်သက်တာလွဲရ

သူ၏ ဘဝကို အနက်ရှိုင်းဆုံး ချောက်ကမ်းပါးထဲသို့ထိုးကျသွားအောင် အစွမ်းကုန် မိုက်လုံးကြီးခဲ့မိသည့်နေ့မှာ ၁၉၈၃ခုနှစ် အောက်တိုဘာ ၅ ရက်ညဖြစ်သည်။ ထိုနေ့ညသန်းခေါင်ကျော်ပြီး အောက်တိုဘာ ၆ ရက် နံနက်ကူးစဖြစ်သည့် နံနက် ၁ နာရီခန့်တွင် ဖရက်ဒရစ်တစ်ယောက်အိပ်ရာမှ လန့်နိုးလာခဲ့သည်။ သူ၏ဘေးတွင် အီဒွင်နာကို ကြည့်လိုက်ပြန်သောအခါ အပြစ်ကင်းစွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသဖြင့် မကောင်းကြံစည်ရန် ဝန်လေးနေမိသည်။

အချစ်သစ် ဗာဂျီးနီးယားဂစ်ဆာယာနှင့် တစ်သက်တာ လွဲရမည်ကို တွေးမိပြန်တော့ ရင်ထဲတွင်မချိအောင် ပူလောင် ခံစားရပြန်သည်။ ၁၅၀၀ အပူမီး အကြီးအကျယ် လောင်မြိုက်ခြင်းကိုခံနေရသော ဖရက်ဒရစ်မှာဆုပ်လည်းစူး စားလည်းရူးဆိုသည့် ပမာဖြစ်နေကာ ချီတုံချတုံဖြစ်နေသည်။

ထိုစဉ်က သူတို့သည် တစ်ဦးကိုတစ်ဦး မျက်စိအောက်က အပျောက်မခံနိုင်အောင်ပင် မြတ်နိုးချစ်ခင်ခဲ့ကြ

နောက်ဆုံးတွင် ဆုံးဖြတ်ချက်ချပြီး ခေါင်းအုံးတစ်လုံးကိုယူကာ ဇနီးသည်၏မျက်နှာပေါ်တွင်အတင်းဖိချပြီး လည်ပင်းကို ညှစ်ချလိုက်တော့သည်။ ဇနီးသည်မှာ သူ၏လုပ်ရပ်ကို လုံးဝမသိသွားရှာဘဲ သေဆုံးသွားသောအခါ ညတွင်းချင်း ဇနီးသည်၏အလောင်းကို အိမ်နောက်ဖေး ကားဂိုဒေါင်ထဲမှ ၄၄ ဂါလန်ခန့်ဆံ့သော သတ္တုစည်ကြီးထဲသို့ ထည့်ကာ အပေါ်မှ အသေပိတ်လိုက်တော့သည်။

ဖရက်ဒရစ်သည် ၁၉၈၃ခု နှစ် အောက်တိုဘာ ၆ ရက် နံနက်ခင်းတွင် နေမြင့်မှအိပ်ရာက နိုးလာသောအခါ အသက်၁၀နှစ်နှင့်ရှစ်နှစ်အရွယ်ရှိသမီးကလေးနှစ်ဦးက သူတို့၏မိခင်ကို မေးလေသည်။

ထိုအခါမှ အကြံသမား ဖက်ဒရစ်က သမီးနှစ်ဦးအား မိခင်ဖြစ်သူမှာ မိသားစုကိုပစ်ထားခဲ့ပြီး ကုန်တင်ကားမောင်းသူတစ်ဦးနှင့် လိုက်သွားပြီဖြစ်ကြောင်း ပြောပြကာ တစ်ဆက်တည်းပင် ပတ်ဝန်းကျင်သို့လည်း ယင်းအကြောင်းကို သတင်းလွှင့်ခဲ့လေသည်။

မရိပ်မိခဲ့

အောက်တိုဘာ ၇ ရက်တွင် ဗာဂျီးနီးယားဂစ်ဆာရာကိုသူ၏အိမ်ပေါ်သို့ ခေါ်တင်ခဲ့တော့သည်။ သူ၏ပိရိသော လုပ်ရပ်ကြောင့် ပတ်ဝန်းကျင်ကလည်း မရိပ်မိခဲ့ပေ။

၁၉၉၂ခုနှစ်တွင် သမီးအကြီး ကာရီဆာက မိုက်ကယ်ဟီဂါတီ ဆိုသူ အမျိုးသားတစ်ဦးနှင့်လက်ထပ်ခဲ့သည်။ သမက်ဟီဂါတီက ဖရက်ဒရစ်အီဒွင်နာ၏ အလောင်းကို ထည့်ထားသည့် စည်ကြီးနှင့်ပတ်သက်ပြီးမေးမြန်းသောအခါ ယင်းထဲတွင် ကော်ဇောများခင်းရာတွင်သုံးသောကော်ထည့်သည့်စည်ကြီးဟုသာပြောပြီး သွားမဖောက်ရန်ပြောထားခဲ့သည်။ နောက်၁၄နှစ်ကြာသည့်၂၀၀၆ ခုနှစ် အောက်တိုဘာ၃ ရက်တွင် ဟီဂါတီကသန့်ရှင်းရေးလုပ်ရင်း ဖောက်လိုက်ရာမှ ဖရက်ဒရစ်၏ ၂၃နှစ်ကြာလူသတ်အလောင်းဖျောက်မှုကြီး ပေါ်ပေါက်ခဲ့တော့သည်။ယင်းအမှုကို ၂၀၀၈ခုနှစ်ဇန်နဝါရီ၃၀ရက်မှ ယနေ့ အထိ ကြားနာနေဆဲဖြစ်ပြီး ဖရက်ဒရစ်က သူ မသတ်ကြောင်း၊သူ့ဘေးတွင် သေနေသော ဇနီးသည်ကို ရဲအဖွဲ့က သူသတ်သည်ဟုယူဆမည်ကို စိုးရိမ်သောကြောင့် သတ္တုစည်ကြီးအတွင်း ၂၃နှစ်ကြာ ထည့်ပိတ်ထားခဲ့ခြင်းသာဖြစ်ကြောင်း ဘူးကွယ် ငြင်းဆိုခဲ့သည်။

မည်သို့ပင်ဖြစ်စေပြစ်မှုထင်ရှားပါက ကြီးလေးသော ထောင်ဒဏ်ကို ပေးဆပ်ရမည့် ဖရက်ဒရစ်၏မေတ္တာသွေးဖည်စိမ်းရက်လေပြီ ဇာတ်ခင်းခဲ့သောအဖြစ်ကို သင်ခန်းစာယူဆင်ခြင်ဖွယ်ရာဖြစ်ရပ်အဖြစ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

တောင်ကိုရီးယားရှိ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံ မီးလောင်

ဆိုးလ် ဖေဖော်ဝါရီ ၁၂

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့လယ်ရှိ ရှေးနှစ်ပေါင်း၆၁၀ သက်တမ်းရှိသော သစ်သား အဆောက်အအုံတစ်လုံး(ဝဲပုံ) ဖေဖော်ဝါရီ ၁၀ရက်က မီးလောင်ခံရကြောင်း တောင်ကိုရီးယား မီဒီယာများက ဖော်ပြသည်။

မီးစတင်လောင်

အဆိုပါ ရှေးဟောင်းသစ်သား အဆောက်အအုံကြီးသည် ဖေဖော်ဝါရီ ၁၀ရက်က မီးစတင်လောင် ကျွမ်းခဲ့သည်။ မီးလောင်ကျွမ်းမှုမှာ လေးနာရီကျော်ကြာမြင့်ခဲ့ပြီးနောက် ပြိုကျသွားခဲ့သည်။

ဆောင်ယီမန် မုခ်ဦး

ထိုအဆောက်အအုံမှာရှေးဟောင်း သမိုင်းဝင်အနုပညာလက်ရာ အမွေအနှစ်ဖြစ်သော ဆောင်ယီမန် မုခ်ဦးဖြစ်ပြီး ဂျိုဆောင်မင်းဆက်၁၄ရာစုနှစ်က တည်ဆောက်ခဲ့သည့် ဆိုးလ်မြို့တောင်ဘက် ဝင်ပေါက်တစ်ခုလည်း ဖြစ်သည်။

ဆောင်ယီမန်မုခ်ဦးကို ဘုရင်တေဂျိုလက်ထက် ၁၃၉၅ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး၁၃၆၈ ခုနှစ်၌ တည်ဆောက်မှုပြီးစီးခဲ့သည်။

အမွေအနှစ်အမှတ်(၁)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့လယ်ရှိ ဆောင်ယီမန်မုခ်ဦးကို ၁၉၆၂ ခုနှစ်မှစတင်ကာ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်အမှတ်(၁)အဖြစ် သတ်မှတ်ထားခဲ့သည့်အဆောက်အအုံလည်း ဖြစ်သည်။ **(အင်တာနက်)**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၂-၂-၂၀၀၈

တန်ဇန်းနီးယားဝန်ကြီးချုပ်သစ် ကျမ်းကျိန်

တန်ဇန်းနီးယားဝန်ကြီးချုပ်သစ်အဖြစ် မီဇန်ရိုကာယန်ဇာပီတာပင်ဒါက ကျမ်းသစ္စာကျိန်ဆိုမှု ပြုလုပ်သည်။ ၎င်းသည် နုတ်ထွက်သွားသော ဝန်ကြီးချုပ် ဟောင်း အီဝပ်လိုဝါဆာနေရာ၌ အစားထိုးတာဝန်ယူခြင်းဖြစ်သည်။

တန်ဇန်းနီးယား အစိုးရအဖွဲ့ ဝန်ကြီးများစာရင်းကို ဝန်ကြီးချုပ်သစ် ပီတာပင်ဒါက လာမည့်သီတင်းပတ်၌ ထုတ်ပြန်မည်ဖြစ်သည်။

လေကြောင်းခရီးစဉ်သစ် ယူအေအီးနှင့်အိန္ဒိယ စတင်ပျံသန်းမည်

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံ၏ အီးတီအေ-အက်စ်ကွန်လုပ်ငန်းပိုင် လေကြောင်းလိုင်းမှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးစဉ်သစ်တစ်ခု စတင်ပြေးဆွဲမည်ဖြစ်ကြောင်း ၎င်းလုပ်ငန်းမှ သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံသို့ ပျံသန်းမည့် လေကြောင်းခရီးစဉ်အတွက် စတင်ပျံသန်းမှုကို လာမည့်အောက်တိုဘာလ၌ စတင်နိုင်မည်ဟု အီးတီအေ-အက်စ်ကွန်လုပ်ငန်း၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ညီလာခံ အင်ဒိုနီးရှား၌ ကျင်းပမည်

အင်ဒိုနီးရှားနိုင်ငံက လာမည့်ဇွန်လ၌ အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရေးရာညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။

အဆိုပါအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၇၀ ခန့်မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အစ္စရေးတို့ ဂါဇာကို လေကြောင်းမှတိုက်ခိုက်

ဂါဇာကမ်းမြောင်ဒေသသို့ အစ္စရေးတိုက်လေယာဉ်များ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ပါလက်စတိုင်းဒေသခံနှစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်။

ပါလက်စတိုင်းလက်နက်ကိုင်တပ်ဖွဲ့များက အစ္စရေးနိုင်ငံအား ဆက်လက်ပစ်ခတ်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပါကစ္စတန်သံအမတ် အာဖဂန်နယ်စပ်၌ ပျောက်ဆုံး

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်သည် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နယ်စပ်၌ ပျောက်ဆုံးသွားခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

အဆိုပါသံအမတ်သည် ကဘူးလ်မြို့သို့ပြန်ရန် မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။

တောင်ကိုရီးယားရေတပ် ဖျက်သင်္ဘောသုံးစင်းတည်ဆောက်မည်

တောင်ကိုရီးယားရေတပ်က အေးဂစ်အမည်ရှိ ဖျက်သင်္ဘောသုံးစင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား ရေတပ်အရာရှိများက ပြောကြားသည်။

အဆိုပါဖျက်သင်္ဘောသုံးစင်းကို လာမည့် ၂၀၁၂ ခုနှစ်၌ အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး တောင်ကိုရီးယားရေတပ်အတွက် အင်အားဖြည့်ဆည်းခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အီရန်နျူကလီးယားအစီအစဉ် နောက်ဆုတ်မည်မဟုတ်ဟု ပြောကြား

အီရန်နိုင်ငံသည် နျူကလီးယားအစီအစဉ်ကို မည်သို့မျှ နောက်ဆုတ်လိမ့်မည်မဟုတ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ပြောကြားလိုက်သည်။

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားအစီအစဉ်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်သော အခွင့်အရေးရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ခံယူထားကြောင်း၊ မည်သူမျှ တားဆီး၍ မရနိုင်ကြောင်း အီရန်သမ္မတက ဆက်လက်ပြောကြားသည်။

နယူးဇီလန်၊ ဩစတြေးလျနှင့် ပြင်သစ်သုံးနိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မည်

ဩစတြေးလျနှင့် ပြင်သစ်နိုင်ငံတို့မှ တပ်ဖွဲ့ဝင်များနှင့်အတူ နယူးဇီလန်တပ်ဖွဲ့ဝင်များက ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်သွားမည်ဖြစ်ကြောင်း နယူးဇီလန် စစ်ဘက်အရာရှိများက ပြောကြားသည်။

အဆိုပါ သုံးနိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုကို လာမည့်သီတင်းပတ်မှ စတင်ကာ ၁၁ ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❐ ဘရာဇီးနိုင်ငံ ဗာပါရာစီဆိုမြို့၌ ဖေဖော်ဝါရီ ၁၁ ရက်က မိုးကြိုးပစ်ခံရမှုကြောင့် နှစ်ဦးသေဆုံးခဲ့သည်။

● **နယူးဇီလန်နိုင်ငံမြောက်ပိုင်း ဝမ်ဒါဟိုလမ်အရပ်၌ ဖေဖော်ဝါရီ ၁၁ ရက်က ရဟတ်ယာဉ်တစ်စင်း စက်ချွတ်ယွင်းပြီး အရေးပေါ်ဆင်းသက်ခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူများ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သိရသည်။**

❐ ကိုလံဘီယာနိုင်ငံတောင်ပိုင်း ကာကွိုတာပြည်နယ်၌ ဖေဖော်ဝါရီ ၁၀ ရက်က စစ်ဘက်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ ခြောက်ဦးသေဆုံးခဲ့သည်။

(အောက်ပုံ)

● **ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော့အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဖေဖော်ဝါရီ ၁၁ ရက်က ဆက်သွယ်ရေးဂြိုဟ်တုတစ်ခုကို အောင်မြင်စွာ လွှတ်တင်လိုက်သည်။**

❐ စပိန်နိုင်ငံ မက်ဒရစ်မြို့တောင်ဘက် မိုင် ၁၈၀ ခန့်အကွာရှိ တောင်တစ်တောင်ပေါ်သို့ တက်ရောက်နေသော အဖွဲ့ငါးဦးပါ တောင်တက်အဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက်က တောင်ထိပ်မှ ဆီးနှင်းများ ပြိုကျမှုကြောင့် သုံးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိသည်။

● **အင်ဒိုနီးရှားနိုင်ငံ ဂျားဗားကျွန်းကမ်းလွန်၌ ဖေဖော်ဝါရီ ၁၁ ရက်က ကုန်တင်သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ သင်္ဘောသားလေးဦး ပျောက်ဆုံးလျက်ရှိသည်။**

❐ ကနေဒါနိုင်ငံ တိုရွန်တိုမြို့အနောက်ပိုင်း မိုင် ၁၆၀ ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ ၁၁ ရက်က မြေပြိုမှုဖြစ်ပွားရာ သုံးဦးသေဆုံးခဲ့သည်။

● **နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ မြောက်ဘက် မိုင် ၁၃၀ ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ ၁၁ ရက်က ကျားတစ်ကောင် ဝင်ရောက်သောင်းကျန်းခဲ့မှုကြောင့် ရွာသားတစ်ဦး သေဆုံးခဲ့သည်။**

ဘဝဒဿနအမြင်

■ ***Envy and wrath shorten the life.***

မနာလိုခြင်းနဲ့ အမျက်ဒေါသတို့ဟာ လူ့အသက်ကို တိုစေတတ်ပါတယ်။

အီစွပ်ပုံပြင်

■ ***The 'I' is hateful.***

မုန်းဖွယ်အကောင်းဆုံးမှာ "ငါ" တည်းဟူသော အတ္တဖြစ်သည်။

အော်စကာဝဲလ်ဒ်

(အိုင်ယာလန် စာရေးဆရာ)

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

မီးစက်ဖွင့်ပြီး အိပ်ပျော်ခဲ့လျှင်...

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ဖေဖော်ဝါရီ ၁၁ ရက်က အိမ်ခန်းအတွင်း မိသားစုဝင်လေးဦး သေဆုံးနေသည်ကို တွေ့ရကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ အဆိုပါအိမ်ခန်းတွင် ဓာတ်အားပြတ်တောက်သွားသဖြင့် မီးစက်ဖွင့်မောင်းထားခဲ့ပြီး မိသားစုဝင်လေးဦးစလုံး အိပ်ပျော်သွားခဲ့သည်။ ထိုအချိန် မီးစက်မှထွက်ရှိသော မီးခိုးငွေ့များ အိမ်ခန်းတစ်ခုလုံး ဖုံးလွှမ်းခဲ့ရာမှ မိသားစုဝင်လေးဦးစလုံး မီးခိုးများမွန်းကျပ်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် အိမ်ခန်းအတွင်း မီးစက်များဖွင့်ပြီး အမှုမဲ့အမှတ်မဲ့ အိပ်ပျော်ခဲ့လျှင် အန္တရာယ်ကြီးမားတတ်သည်မှာ သင်ခန်းစာယူစရာပင်...

မောင်မောင်မြင့်ဆွေ

နိုင်ငံခြားသတင်း ဘာသာပြန်ဆိုရာတွင်....

အမ်အမ်အေ

ရထားခေါင်မိုးပေါ်တက်စီးကြသူများအား အရေးယူဖော်ထုတ်မည့် သတင်းတစ်ပုဒ်ကို ဘာသာပြန်ဆိုပြပါမည်။ ဂျကာတာမှလာသည့် ရိုက်တာသတင်းတစ်ပုဒ်ဖြစ်ပြီး ခေါင်းစဉ်နှင့်ပထမစာပိုဒ်မှာ အောက်ပါအတိုင်း ဖြစ်သည်-

Indonesia to spray train roof riders

JAKARTA, 11 Feb-

Indonesian commuters riding on the roofs of trains will be sprayed with coloured liquid so that security officers can identify and arrest them, a report said on Saturday.

ပထမစာပိုဒ်ပြန်ဆိုချက်။ ။ အင်ဒိုနီးရှားနိုင်ငံတွင် အလုပ်သွားအလုပ်ပြန် ရထားခေါင်မိုးပေါ်မှ လိုက်ပါခရီးသွားကြသူများအား အရောင်ပါသည့် အရည်ဖြင့်ပက်ဖျန်းမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးဝန်ထမ်းများက ယင်းအရောင်ကိုကြည့်၍ အလွယ်တကူဖော်ထုတ်ဖမ်းဆီးမည်ဟု ဖေဖော်ဝါရီ ၉ ရက်က သတင်းတစ်ပုဒ်တွင် ပါရှိသည်။

Electric trains Linking the Indonesian capital and its neighbouring towns are packed with passengers during rush hours, with many sitting on the roofs due to a lack of space inside or to avoid paying.

ဒုတိယစာပိုဒ်ပြန်ဆိုချက်။ ။ မြို့တော်နှင့်အနီးဝန်းကျင်မြို့များအကြား ပို့ဆောင်ပေးသည့် လျှပ်စစ်ရထားများမှာ အသွားအလာများသည့် လူကျပ်ချိန်များတွင် ရထားအတွင်း နေရာမရှိ၍တစ်ကြောင်း၊ ရထားခ မပေးလို၍တစ်ကြောင်း ယင်းကဲ့သို့ ရထားခေါင်မိုးပေါ်ထိုင်ကာ လိုက်ပါစီးနင်းသူအများအပြားရှိသည်ဟု ဆိုသည်။

After several failed attempts to discourage roof riders over years, the state owned railway company PT Kereta Api will from next week douse them with a coloured liquid so that officers can identify them when they get off the train, the Jakarta Post said.

MNA/Reuters

တတိယစာပိုဒ်ပြန်ဆိုချက်။ ။ ဤသို့ မပြုလုပ်ရန် နှစ်နှင့်ချီကာ အမျိုးမျိုးတားမြစ်ခဲ့သော်လည်း မရသည့်အဆုံးတွင် နိုင်ငံတော်ပိုင် ပီတီကေရေတာအပိ ရထားလုပ်ငန်းက လာမည့်သီတင်းပတ်မှစ၍ ခေါင်မိုးပေါ်မှ စီးနင်းလိုက်ပါသူများကို အရောင်ရှိသည့် အရည်ဖြင့်ပက်ဖျန်းမည်ဖြစ်ပြီး ရထားမှဆင်းလာချိန်တွင် လုံခြုံရေးဝန်ထမ်းများက ဖော်ထုတ်မည်ဟု ဂျကာတာပို့စ် သတင်းစာတွင် ဖော်ပြသည်။

သုံးသပ်ချက်

ခေါင်းစဉ်ပါ Spray မှာ မှုတ်သည်၊ ဖျန်းသည်ဟူသော အဓိပ္ပာယ်ရှိသော်လည်း နောက်ဆုံးပိုဒ် douse မှာ ပက်သည်၊ လောင်းသည်ဟု အနက်ထွက်သဖြင့် နှစ်နေရာစလုံးတွင် ပက်ဖျန်းဟူ၍ ပြန်ဆိုပါသည်။ security officers ကို လုံခြုံရေးဝန်ထမ်းများဟု ပြန်ဆိုပါသည်။ သာမန်ရဲကိုလည်း police officer ဟု သုံးလေ့ရှိသဖြင့် ယခုကဲ့သို့ အရာရှိဟုမပြန်ဘဲ ဝန်ထမ်းများဟု ပြန်ဆိုလိုက်ပါသည်။ ။

စနေ၊ တနင်္ဂနွေ အကြိုရွေးကောက်ပွဲ အိုဘားမားအသာရ ဟီလာရီကလင်တန်က ပါတီညီလာခံကိုယ်စားလှယ်ပိုရနေ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၂

ဒီမိုကရက်တစ်ပါတီမှ အီလီနွိုက် အထက်လွှတ်တော်အမတ် အိုဘားမားသည် ဖေဖော်ဝါရီ ၁၀ရက်က ပြုလုပ်သည့် မိန်းပြည်နယ် အကြိုရွေးကောက်ပွဲ၌ ဟီလာရီကလင်တန်ကို အနိုင်ရလိုက်သည်။

ယှဉ်ပြိုင်စည်းရုံး

ဖေဖော်ဝါရီ ၉ရက်က လူဝီစီယားနား၊ နီဘရာစကား၊ ဝါရှင်တန်ပြည်နယ်နှင့် အမေရိကန်ဗားဂျင်းကျွန်းများတွင် အနိုင်ရခဲ့သူ အိုဘားမားအဖို့ စနေ၊ တနင်္ဂနွေ အကြိုရွေးကောက်ပွဲအားလုံးတွင် အနိုင်ရလိုက်သည့်အတွက် ဒီမိုကရက်တစ် သမ္မတလောင်းနေရာကို ဟီလာရီကလင်တန်နှင့် ဆက်လက်၍ ယှဉ်ပြိုင်စည်းရုံးရဦးမည် ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်

ဖေဖော်ဝါရီ ၁၂ရက် အင်္ဂါနေ့တွင် ဒီမိုကရက်တစ်ပါတီရော၊ ရီပတ်ဘလီကင်ပါတီမှပါ ဝင်ရောက်ယှဉ်ပြိုင်ကြရသည့် မေရီလင်းပြည်နယ်နှင့် ဗာဂျီးနီးယားပြည်နယ်တို့တွင် ဟီလာရီကလင်တန်နှင့် အိုဘားမားတို့နှစ်ဦး မည်သူနိုင်မည်ကို ကြည့်ရှုရဦးမည် ဖြစ်သည်။

အသီးသီးရရှိ

ရီပတ်ဘလီကင်ပါတီမှ ယှဉ်ပြိုင်နေသူများတွင် ဂျွန်မက်ကိန်းမှာ ရီပတ်ဘလီကင် သမ္မတလောင်းအဖြစ် သေချာသလောက် ဖြစ်သည်။ ဤအဆိုမှန်ကန်ကြောင်း ယခုအထိ သိရှိသမျှ ပါတီညီလာခံ ကိုယ်စားလှယ်အရေအတွက် ရရှိမှုမှာ ဂျွန်မက်ကိန်းသည် ၁၂ပြည်နယ်မှ ကိုယ်စားလှယ် ၇၁၉ဦး၊ ဟတ်ကာဘီးသည် ခုနစ်ပြည်မှ ကိုယ်စားလှယ် ၂၃၄ဦး၊ ဂျွန်ပေါလ်သည် တစ်ပြည်နယ်လုံး မရရှိဘဲ ကိုယ်စားလှယ် ၁၄ဦး အသီးသီးရရှိသည်။

ကြိုတင်မခန့်မှန်းနိုင်

ဖေဖော်ဝါရီ ၅ရက် စူပါအင်္ဂါနေ့က ပြည်နယ် ၂၂ခု၌ ယှဉ်ပြိုင်ရာတွင် ဒီမိုကရက်တစ်ပါတီမှ ဟီလာရီနှင့်အိုဘားမားတို့ တစ်ဦးကိုတစ်ဦး မဖြတ်နိုင်ခဲ့၍ ယခုအထိ ကြိုတင်မခန့်မှန်းနိုင်ခြင်း ဖြစ်သည်။

ရရှိနေ

ယခုအထိ သိရသမျှတွင် ဟီလာရီကလင်တန်က ၁၃ပြည်နယ်မှ ပါတီညီလာခံကိုယ်စားလှယ်ပေါင်း ၁၁၀၄ဦးရရှိကာ အိုဘားမားက ၁၉ ပြည်နယ်မှ ညီလာခံကိုယ်စားလှယ်ပေါင်း ၁၀၈၅ဦး ရရှိနေသည်။

(အင်တာနက်)

ဒီမိုကရက်တစ်သမ္မလောင်းနေရာအတွက် အကြိတ်အနယ် ယှဉ်ပြိုင်နေကြသည့် ဟီလာရီကလင်တန်(ယာ)နှင့် အိုဘားမား (ဝဲ)တို့ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နယ်စပ်သို့ အမေရိကန်ကျူးကျော်လာပါလျှင် သင်ခန်းစာပေးရမည်ဟု အီရန်ဗိုလ်ချုပ်ပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၁၂

အီရန်ပိုင်နက်အတွင်း အမေရိကန် ကျူးကျော်လာလျှင် အီရန်လက်နက်ကိုင်အဖွဲ့အနေဖြင့် သင်ခန်းစာပေးရန် အသင့်ရှိနေကြောင်း အီရန်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ် ဟက်ဆန်ဖီရိုဇာဘာဒီက ပြောကြားသည်ကို အီရန်နိုင်ငံပိုင်ရုပ်မြင်သံကြားက ဖေဖော်ဝါရီ ၉ရက်တွင် ထုတ်လွှင့်သွားခဲ့သည်။

စိန်ခေါ်

အီရန် နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းရေးအတွက်သာဖြစ်ပြီး နျူကလီးယား လက်နက်ထုတ်လုပ်ရန် ကြိုးစားသည်ဟူသော စွပ်စွဲချက်ကို သက်သေပြရန် အမေရိကန်အား စိန်ခေါ်ကြောင်း အဆိုပါ အီရန်ဗိုလ်ချုပ်က ထပ်လောင်းပြောကြားသည်။

ပြတ်တောက်ခဲ့

အီရန်နိုင်ငံက နျူကလီးယား လက်နက်ထုတ်လုပ်ရန် ကြိုးစားနေသည်ဟူသော သံသယဖြစ်မှုကြောင့် အီရန်နိုင်ငံနှင့် အနောက်နိုင်ငံအုပ်စုတို့အကြား လွန်ခဲ့သော ခြောက်နှစ်က သံတမန်ဆက်ဆံရေး ပြတ်တောက်ခဲ့ရသည်။

ပြုလုပ်

ယခုအထိ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူမှု နှစ်ကြိမ်ပြုလုပ်ခဲ့ရာ ၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် တစ်ကြိမ်နှင့် ၂၀၀၇ခုနှစ် မတ်လ၌ တစ်ကြိမ် ပြုလုပ်ခဲ့သည်။

လက်လျှော့

အီရန်အား ယူရေနီယံသန့်စင်မှုကို ရပ်တန့်ပြီး နျူကလီးယား အစီအစဉ်အား လက်လျှော့ပေးရန် ဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ



ထိုင်းဝန်ကြီးအဖွဲ့ အပတ်စဉ်ဆွေးနွေးပွဲ

ပထမဆုံးအကြိမ် ကျင်းပ

ဗန်ကောက် ဖေဖော်ဝါရီ ၁၂

ထိုင်းဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသော ဝန်ကြီးချုပ် ဆမတ်ဆန်ဒါရာဗက်ချ်(အောက်ပုံ)**က ၎င်းအနေဖြင့် အနာဂတ်တွင် နိုင်ငံကို ကောင်းစွာအုပ်ချုပ်နိုင်ရန် ရည်ရွယ်၍ ပထမဆုံးသော အပတ်စဉ်ဆွေးနွေးပွဲကို နိုင်ငံပိုင် ရုပ်မြင်သံကြားနှင့်ရေဒီယိုမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ၁၀ရက်က ပြောကြားသည်။**

ဆမတ်ဆွေးနွေးပွဲဟု အမည်ပေးထားသော အဆိုပါ ဆွေးနွေးပွဲသည် ပါတီခြောက်ခုဖြင့် ညွန့်ပေါင်း ဖွဲ့စည်းထားသော အစိုးရအဖွဲ့က ဖေဖော်ဝါရီ ၇ရက်တွင် ရုံးထိုင်ခဲ့ပြီးနောက် ပထမဆုံး ဆွေးနွေးခဲ့သည်။

ပြောကြား

အဆိုပါ ထိုင်းအစိုးရ ဝန်ကြီးအဖွဲ့သည် လာမည့် ဖေဖော်ဝါရီ ၁၂ရက်တွင် ၎င်း၏ အပတ်စဉ် အစည်းအဝေးကို ကျင်းပရန် စီစဉ်ထားကြောင်း၊ ယင်းအစည်းအဝေး၌ အဓိက အကြောင်းအရာ နှစ်ရပ်ကို ဆွေးနွေးမည်ဖြစ်ကြောင်း၊ ၎င်းဆွေးနွေးမည့် အကြောင်းအရာ နှစ်ရပ်မှာ နိုင်ငံခြားအရန် ငွေကြေးဆိုင်ရာ မူဝါဒနှင့်အုပ်ချုပ်ရေးမူကြမ်း မူဝါဒတို့ကို ဆွေးနွေးမည်ဖြစ်ကြောင်း ဆမတ်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်ထိပ်တန်း စစ်သွေးကြွတစ်ဦး ပါကစ္စတန် ရဲတပ်ဖွဲ့က လက်ရဖမ်းဆီး

ဘလူချီစတန် ဖေဖော်ဝါရီ ၁၂

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ထိပ်တန်းအာဖဂန် တာလီဘန်တိုက်ခိုက်ရေးသမားတစ်ဦးအား ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မန်ဆိုယာဒါဒူလ်လာအမည်ရှိ အဆိုပါ တာလီဘန် တိုက်ခိုက်ရေး ခေါင်းဆောင်သည် ဘာလိုချီစတန် ပြည်နယ်၌ ဖြစ်ပွားသော တိုက်ပွဲ၌ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိပ်တန်းအာဖဂန် တာလီဘန်တိုက်ခိုက်ရေးသမား မန်ဆိုယာဒါဒူလ်လာ။

ရာထူးမှထုတ်ပယ်

အဆိုပါ တာလီဘန် တိုက်ခိုက်ရေးသမားအား အမိန့် နာခံမှုမရှိ၍ ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း အာဖဂန် တာလီဘန်အဖွဲ့က ဒီဇင်ဘာလတွင် ပြောကြားသည်။

မန်ဆိုယာဒါဒူလ်လာသည် ပြီးခဲ့သည့် မေလက စစ်ဆင် ရေးတွင် သေဆုံးသွားသော အစ်ကိုဖြစ်သူ မူလာဒါဒူလ်၏ ရာထူးကို ဆက်ခံခဲ့သူ ဖြစ်သည်။

ဖမ်းဆီးလိုက်

ယင်းတိုက်ပွဲသည် အာဖဂန်နယ်စပ်အနီးရှိ ဝေးလ် အစ္စမေးလ်ဇိုင် ကျေးရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းအား နေအိမ်အတွင်း ပုန်းအောင်းနေစဉ် ဒါဒူလ်လာ၏ ကိုယ်ရံ တော် သုံးဦးနှင့်အတူ ဖမ်းဆီးလိုက်ခြင်း ဖြစ်ကြောင်း ဘာလိုချီစတန် ရဲချုပ်ဆော့ဒ်ဂိုဟာက ပြောကြားသည်။

(အင်တာနက်)

အမေရိကန်သို့ ဗင်နီဇွဲလားရေနံဖြန့်ဖြူးမှု ဖြတ်တောက်ပစ်မည်ဟု ချာဗက်ဇ်ခြိမ်းခြောက်

ကရာကတ် ဖေဖော်ဝါရီ ၁၂

စီးပွားရေး စစ်ပွဲဆက်ဖြစ်နေလျှင် အမေရိကန်နိုင်ငံသို့ ပေးပို့သည့် ရေနံဖြန့်ဖြူးမှုကို ဖြတ်တောက်ရလိမ့်မည်ဟု ဗင်နီဇွဲလား သမ္မတ ချာဗက်ဇ်က ခြိမ်းခြောက်လိုက်သည်။

ခြိမ်းခြောက်

ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က အပတ်စဉ် ရုပ်မြင်သံကြား မိန့်ခွန်း ပြောကြားစဉ် အထက်ပါအတိုင်း ခြိမ်းခြောက်လိုက်ခြင်း ဖြစ်သည်။

ပိတ်ပင်

ဗြိတိန်နှင့် အမေရိကန် တရားရုံးများက ဗင်နီဇွဲလား နိုင်ငံပိုင် စွမ်းအင် ကုမ္ပဏီများ၏ ရပိုင်ခွင့်များကို ပြီးခဲ့သည့် ရက်သတ္တပတ်က ထုတ်ယူခွင့် ပိတ်ပင်လိုက်ခြင်း ဖြစ်သည်။

အမိန့်ချ

အမေရိကန် အက်ဇွန်မိုဘိုင်းလ် ကုမ္ပဏီက ပြည်သူပိုင်အသိမ်းခံရသည့်အတွက် ဗင်နီဇွဲလား နိုင်ငံပိုင် ရေနံ ကုမ္ပဏီထံမှ လျော်ကြေး ရလိုကြောင်း လျှောက်ထားပြီးနောက် တရားရုံးများက အထက်ပါအတိုင်း အမိန့်ချခြင်း ဖြစ်သည်။

ပြောဆို

နိုင်ငံပိုင် သိမ်းဆည်းရေး စီမံကိန်းသည် ဒေါ်လာများစွာ ပြည်သူတို့လက်ထဲ ပြန်ရောက်မည့်အစီအစဉ် ဖြစ်ပြီး မိမိတို့ ဆိုရှယ်လစ်တော်လှန်ရေး၏ အဓိက အစိတ်အပိုင်းဖြစ်ကြောင်း ချာဗက်ဇ်က ပြောဆိုသည်။

(အင်တာနက်)

● *ကျောဖုံးမှ*

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ကျင်းပရာ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော်အရာရှိကြီးများ၊ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော် မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ဗဟိုရုံး အကြီးအကဲများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ နေပြည်တော်တိုင်း စည်ပင်သာယာရေးကော်မတီဝင်များ၊ ဝန်ကြီးဌာနအသီးသီးတို့မှ ရုံးအဖွဲ့မှူးများ၊ နေပြည်တော်ပျဉ်းမနားခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် ပျဉ်းမနားခရိုင်ရှိ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ပညာရေးမှူးများ၊ ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ တပ်နယ်မိသားစုများ၊ နေပြည်တော်ပျဉ်းမနားခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ်များ၊ နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်များမှ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၄၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့တက်ရောက်ကြမည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများသည် နံနက် ၅ နာရီမှစတင်၍ စုရပ်အသီးသီးတို့မှ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ သတ်မှတ်နေရာများသို့ စနစ်တကျ ဝင်ရောက်နေရာယူကြသည်။

နိုင်ငံတော်အလံလွှင့်တင်

ထို့နောက် နံနက် ၅ နာရီခွဲတွင် ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား လွှင့်တင်သည်။

ချီတက်နေရာယူ

ဆက်လက်၍ နံနက်၇နာရီခွဲတွင် ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ)ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

စင်မြင့်ပေါ်၌နေရာယူ

ယင်းနောက် ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

နိုင်ငံတော်အလံအလေးပြု

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရောင်စုံမီးများထွန်းညှိ

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံးအဆောက်အအုံများ၊ မြို့တော်ခန်းမ၊ လမ်းဆုံအဝိုင်းများ၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများတွင် ရောင်စုံမီးများကို လှပစွာထွန်းညှိထားကြသည်။ **(သတင်းစဉ်)**



၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန် ဖတ်ကြားစဉ်။ (က-ပ)

မောင်ထွဋ်ခိုင်ဝင်း(၁၅)နှစ်ပြည့်မွေးနေ့အလှူအဖြစ် အမှတ်(၅၆/၅၇) လှိုင်ရတနာမွန် ၆ လမ်း လှိုင်ရတနာမွန်အိမ်ရာ ရန်ကုန်မြို့နေ ဒေါက်တာ ဦးဝင်းမြင့်-ဒေါ်ခိုင်ခိုင်ဦး (သီဟသုဓမ္မသီဂီ)၊ သား မောင်ဝေယံဖြိုးပြည့်ဝင်း၊ မောင်ထွဋ်ခိုင်ဝင်း၊ မောင်ထက်ခိုင်ဝင်း၊ မောင်သန်းထိုက်ဝင်း မိသားစု မြတ်မေတ္တာမွန်ကုမ္ပဏီက ငွေကျပ် ၁၀ သိန်းကို ထာဝရဆွမ်းပဒေသာပင်အဖြစ် နာယက ဦးတင်ဝမ်း၊ ဥက္ကဋ္ဌ ဦးဝင်းထိန် (ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာ)တို့ထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေ ဖတ်ကြားစဉ်။ (က-ပ)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

ဖေဖော်ဝါရီ ၁၂ ရက်က တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ရွာမရပ်ကွက် (ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ)ရုံး၌ တာမွေမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဉာဏ်ဝင်း၏ ကြီးကြပ်မှုဖြင့် အမှတ်(၂) နယ်မြေရဲကင်းမှူး ဒုရဲအုပ်သိန်းဇော်က ရပ်ကွက်နေ ပြည်သူများအား မှုခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃-၂-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ အဆိုပြိုင်ပွဲ
၈း၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀ ၇။ အတီးပြိုင်ပွဲ
၈း၂၀ ၈။ ရေလှောင်တမံရဲ့နွယ်
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၀၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သမိုင်းအထူးပြု) [သမိုင်း]
၁၆း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၀၀ ၅။ မြန်မာစာမြန်မာစကား
၁၇း၁၅ ၆။ တေးသရုပ်ဖော်အစီအစဉ်
၁၇း၂၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၁၈း၅၀ ၁၂။ **နတ်လူသာမုခေါ်စေသော်** ခေတ်သစ်၊ဝိုင်းစုခိုင်သိန်း၊ သတိုးဇော (ဒါရိုက်တာ-သော်ကိုကိုကျော်)
၁၉း၁၀ ၁၃။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၁၉း၃၀ ၁၄။ ကြေးမုံရိပ်သွင်တေးနှယဉ်
၁၉း၄၅ ၁၅။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ Franz Hararay's Magic Planet
၂၀။ ရသစုံလင်ပြုံးပျော်ရွှင် မြန်မာ့ရုပ်မြင်အစီအစဉ် (ခန့်စည်သူ၊ ထူးသာ၊ ပုလဲဝင်း၊ နန်းဆုရတီစိုး၊ ရတနာ၊ ဖြိုးဖြိုး၊ လုလု၊ ဆင်မ၊ ပွင့်၊ ကောင်းစံ၊ ရှက်တယ်၊ နေဦးလွင်၊ ရိုတ)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ

ကျော်မင်း



အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

**တိုင်းရင်းသားပြည်သူများသည် ဖြစ်ပျက်ပြောင်းလဲနေသော နို
ရေးရာနှင့် ပြည်တွင်းရေးရာ အခြေအနေအရပ်ရပ်ကို မှန်ကန်စွာ ရှုမြင်သုံ
ပေသည်။ အဆိုးမြင်ဝါဒသမားများက မြန်မာနိုင်ငံ၏ပုံရိပ်ကို လွဲမှားစွာ ပုံ
ရှိကြရာ ၎င်းတို့၏စွပ်စွဲချက်များကို ယုံကြည်သက်ဝင်မှုမရှိကြရန် အထူး အ**

ဘူမိနက်သန် မှန်လှထူးချွန် ဤမြေမွန်မြေမြတ်၌ ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ဗမာစသည်ဖြင့် တစ်သွေး တစ်သား တစ်မိဖွား ဖြစ်ကြကုန်သော ငါတို့သည် နှစ်ပေါင်းထောင်ရာ သချၤာပွားထက် ရေတွက်ခြင်းငှာ မတတ်နိုင်ရာသော ရာဇဝင် ရှည်ဝေး ရှေးပဝေသဏီမှစ၍ တညီတညွတ် တစုတရုံး လွတ်လပ်သော လူမျိုးအဖြစ် တည်ခဲ့ကြ၏။

ငါတို့သည် အမျိုးဘာသာ တစ်စိတ်တစ်ဒေသ၏ ကောင်းကျိုးချမ်းသာကို မလိုလား၊ ကျောသားရင်သား သူကားငါကား ခွဲခြားခြင်းကို အလိုမရှိ၊ မြစ်ချောင်း သီတာ သမုဒ္ဒရာ တောင်တန်းတို့ဖြင့် ကမ္ဘာ့ဓမ္မတာ သဘာဝအပိုင်းအခြား ထင်ရှားစွာ သတ်မှတ်အပ်သော ရာဇဝင် ရှည်ဝေး ရှေးပဝေသဏီမှစ၍ ယခုထက်တိုင် မြန်မာနိုင်ငံသားဟု သမုတ်အပ်သူ တိုင်းရင်းသားအပေါင်းတို့ ဇာတိချက်ကြွေ နေထိုင်ရာ မြန်မာနိုင်ငံတော်တစ်ဝန်းကို တစ်သွေးတစ်သားတည်းဟူသော ကျိုးထူး၊ တစ်စိတ်တစ်ဝမ်းတည်း ဟူသော ကျိုးထူး၊ အလိုအလျောက် သဘာဝအထောက်အပံ့ဖြင့်သာ လျှင် ဖြစ်ပေါ်အပ်သော စေတနာတည်းဟူသော ကျိုးထူး၊ ဤကျိုးထူးသုံးပါးဖြင့် ကမ္ဘာဆုံးတိုင် မြဲခိုင်တည်တံ့အောင် ရစ်ပတ်ဖွဲ့စည်းအပ်သော ပြည်ထောင်စုအဖြစ်ကို လက်ဆုပ်လက်ကိုင် ငါတို့အပိုင်ရလေပြီ။

(မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်းမှ)

ကျွန်တော်တို့၏ မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံဖြစ်သည်။ လူသားဖြစ်ပေါ်မှုသမိုင်းဦးမှသည် ယနေ့ထက်တိုင် ရှည်လျားစွာ တရွေ့ရွေ့ပြောင်းလဲတိုးတက်ခဲ့သည့် သမိုင်းစဉ်ရှိသော နိုင်ငံလည်းဖြစ်သည်။

မြန်မာနိုင်ငံတည်ရှိရာ အာရှတိုက်သည် နေထွက်သော အရပ်ဟု အဓိပ္ပာယ်ရှိပြီး ကမ္ဘာပေါ်၌ အရွယ်ပမာဏ အကြီးမားဆုံး တိုက်ကြီးလည်းဖြစ်သည်။ လူ့ယဉ်ကျေးမှုသမိုင်းသည် ဤအာရှတိုက်မှပင် စတင်နိုဒါန်းပျိုးခဲ့သည်။ လူ့ယဉ်ကျေးမှုဖြစ်စဉ်၏ ဆည်းကပ်ကိုးကွယ်ရာ အယူဝါဒများသည် ဤအာရှတိုက်မှပင် ပေါ်ထွန်းလာခဲ့သည်။

အာရှဟူသည် ပထဝီအနေအထားအရရော သမိုင်းကြောင်းအရပါ အပြောကျယ်လှသည်။ မတူညီသော လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် အယူဝါဒများ အမျိုးမျိုးအဖုံဖုံ စုံလင်လှသော ဤဒေသကြီးတွင် မြန်မာနိုင်ငံသည် အင်ဒိုချိုင်းနားကျွန်းဆွယ်၌ တည်ရှိသည်။ ဧရိယာအားဖြင့် ၆၇၈၀၃၃စတုရန်းကီလိုမီတာ(၂၆၁၇၉၀ စတုရန်းမိုင်)ရှိသော မြန်မာနိုင်ငံသည် ဗြိတိသျှကျွန်းစု၏ နှစ်ဆကျော်မျှ ကျယ်ဝန်းသည်။

လူဦးရေ ၅၆ သန်းကျော်ရှိသော ယနေ့မြန်မာနိုင်ငံ၌ တိုင်းရင်းသား မျိုးနွယ်စု ၁၀၀ ကျော်တို့သည် သမိုင်းအစဉ်အလာမပျက် ယနေ့ထက်တိုင် ဉမကွဲ သိုက်မပျက် နေထိုင်လျက်ရှိကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ သမိုင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသမိုင်းနှင့် တစ်ဆက်တစ်စပ်တည်း တည်နေသည်။ မြန်မာတိုင်းရင်းသားတို့ စည်းလုံးညီညွတ်မှု ကျစ်လျစ်ခိုင်မာသည့်အခါ၌ နိုင်ငံ့အင်အား တောင့်တင်းခိုင်မာပြီး ဂုဏ်ရည်မြင့်မားခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းပြိုကွဲသောကာလများ၌ တိုင်းတစ်ပါး၏ ကျူးကျော်စော်ကားမှုကို ခံခဲ့ရသည်။ နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝသို့ နှစ်ပေါင်းတစ်ရာကျော်မျှ အောက်ကျနောက်ကျရောက်ခဲ့ရဖူးသည်။

ထိုကိုလိုနီနယ်ချဲ့တို့၏ ပယောဂကြောင့်ပင် တိုင်းရင်းသားအချင်းချင်း သွေးကွဲခဲ့ရသည်။ ယင်းသို့ သွေးခွဲခံရမှုကြောင့် လက်နက်ကိုင်သောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရာ ယင်းဒဏ်ကို တိုင်းရင်းသား ညီအစ်ကိုများအားလုံး နှစ်ပေါင်းရှည်ကြာစွာ ခံခဲ့ကြရသည်။ နယ်ချဲ့ လက်ဟောင်းလက်သစ်တို့၏ သွေးခွဲမှုပယောဂကြောင့်ပင် မြန်မာနိုင်ငံတွင် ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ် မကြာခဏ ကျရောက်ခဲ့ရကြောင်း သမိုင်းသင်ခန်းစာ ယူကြရမည် ဖြစ်သည်။

ခေတ်ပြိုင်သမိုင်းကို ပြန်ကြည့်လျှင် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသကြီးတစ်ခုလုံးလိုလိုပင် ၁၇ရာစုမှ၂၀ရာစုအထိ ကိုလိုနီနယ်ချဲ့ လက်ဟောင်းလက်သစ်တို့၏ ဖိနှိပ်ကျွန်ပြုမှုအမျိုးမျိုးကို ခံခဲ့ရကြောင်း တွေ့ရသည်။ ထို့အတူ ဤဒေသသည် နယ်ချဲ့နှင့် ဖက်ဆစ်စနစ်ကို ဆန့်ကျင်တွန်းလှန်ပြီး ၎င်းတို့၏ လက်အောက်မှ အမျိုးသားလွတ်မြောက်ရေးစစ်ပွဲများကို အထင်ကရ ဆင်နွှဲခဲ့သည့် ဒေသကြီးလည်းဖြစ်သည်။ ကိုလိုနီဖြစ်ခဲ့ရသော အာရှနိုင်ငံအများစုလိုလိုပင် လွတ်လပ်ရေးရရှိလာချိန်တွင် စည်းလုံးညီညွတ်မှုပြိုကွဲပြီး လက်နက်ကိုင်ပဋိပက္ခများနှင့် ရင်ဆိုင်ကျော်လွှားခဲ့ကြရသည်။

ထို့အတူပင် မျက်မှောက်ခေတ်၌ ကမ္ဘာကြီး၏ အင်အားချိန်ခွင်လျှာ တစ်ဖက်စောင်းနင်းဖြစ်သွားပြီး နိုင်ငံငယ်များအပေါ် ဗိုလ်ကျစိုးမိုးရေးဝါဒ ခေါင်းထောင်ထလာသည်ကိုလည်း တွေ့ရှိရသည်။ ယနေ့ ကမ္ဘာပေါ်တွင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုမရှိသည့် နိုင်ငံဟူသမျှ တစ်စစီဖြိုခွဲခြင်း ခံနေရပေသည်။

သို့ဖြစ်ရာ နိုင်ငံတည်ရှိနေသည့် နိုင်ငံရေး ပထဝီအရလည်းကောင်း၊ ကမ္ဘာကြီး၏ အင်အားချိန်ခွင်လျှာ တစ်ဖက်စောင်းနင်းဖြစ်နေသည့် နိုင်ငံတကာ အနေအထားအရလည်းကောင်း ယနေ့ မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားတို့အတွက် အရေးအကြီးဆုံးသော အမျိုးသားရေး အကျိုးစီးပွားမှာ အချင်းချင်း ရေပက်မဝင်သော စည်းလုံးညီညွတ်မှုရရှိအောင် တည်ဆောက်ရေးပင် ဖြစ်သည်။

နိုင်ငံတော်တွင် သဘာဝသယံဇာတများကြွယ်ဝပါလျက် ပြည်တွင်းပြည်ပ ပယောဂကြောင့် တည်ငြိမ်အေးချမ်းမှု မရှိသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုလည်း နောက်ကျကျန်ရစ်ခဲ့ရသည်။ ထို့ကြောင့်လည်း တိုင်းရင်းသားပြည်သူများသည် နိုင်ငံအေးချမ်းတည်ငြိမ်မှုကို လိုလားတောင့်တပြီး စီးပွားရေးတိုးတက်မှုနှင့် လူနေမှုမြင့်မားသော ဘဝကို မျှော်လင့်ကြသည်။ ယနေ့ မြန်မာနိုင်ငံသားတို့၏ ထက်သန်ပြင်းပြသောဆန္ဒမှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ပေါ်ထွန်းရေးပင် ဖြစ်ပေသည်။

ယင်းသို့ဖြင့် တပ်မတော်အစိုးရသည် တိုင်းပြည်၏ ယိုယွင်းနေသော အခြေအနေအရပ်ရပ်ကို တိုင်းရင်းသားပြည်သူများ၏ လိုအင်ဆန္ဒနှင့်အညီ ပြန်လည်ထိန်းသိမ်းတည်ဆောက်နိုင်ရေးအတွက် သမိုင်း၏ တောင်းဆိုချက်အရ ၁၉၈၈ခုနှစ် စက်တင်ဘာလတွင် သမိုင်းပေး အစိုးရအဖြစ် ပေါ်ထွန်းလာခဲ့သည်။ မြန်မာနိုင်ငံကို တစ်ပါတီဆိုရှယ်လစ်စနစ်မှ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့သည်။ ဗဟိုမှ ချုပ်ကိုင်သော စီးပွားရေးစနစ်အစား ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးလျက်ရှိသည်။ ခြုံ၍ဆိုရလျှင် တိုင်းပြည်၏ လုပ်ငန်းလိုအပ်ချက် တာဝန်များကိုရော ရေရှည်အကျိုးအတွက် အခြေချဆောင်ရွက်ပေးရမည့် ပြုပြင်ပြောင်းလဲရေးတာဝန်များကိုပါ ကျယ်ကျယ်ပြန့်ပြန့် သိမ်သိမ်မွေ့မွေ့ ထမ်းဆောင်နေခြင်းဖြစ်သည်။

ထို့ကြောင့် တပ်မတော်အစိုးရအား တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်သည့် အိမ်စောင့်အစိုးရမျိုးအဖြစ် သာမန်ယူဆထား၍ မရနိုင်ပေ။ ခေတ်သစ် စနစ်သစ်တစ်ရပ်ကို အခြေချ ပြောင်းလဲ တည်ဆောက်ပေးနေသည့် အသွင်ကူးပြောင်းရေး အစိုးရအဖြစ် အဓိပ္ပာယ်ပြည့်ဝစွာ သုံးသပ်ရှုမြင် ဆင်ခြင်ကြရမည်ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံ၏ အခြေအနေသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ သိမ်မွေ့ညင်သာစွာ ကူးပြောင်းနေကြောင်း သတိချပ်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို အတိတ်ကာလက လက်တွေ့ ကျင့်သုံးခဲ့ရာတွင် အခက်အခဲ အကျပ်အတည်းများနှင့် တွေ့ကြုံခံစားခဲ့ရသည်။ လွတ်လပ်ရေးရပြီးကတည်းက ပါတီစုံ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သော်လည်း တိုင်းပြည် တည်ငြိမ် အေးချမ်းမှု မရှိခြင်း၊ ပြည်သူလူထု၏ စီးပွားရေးဘဝ မဖွံ့ဖြိုး၊ မတိုးတက်ခြင်းတို့ကြောင့် ပါလီမန်ဒီမိုကရေစီစနစ်သည် မျှော်မှန်းသလို မအောင်မြင်ခဲ့ရုံသာမက ပြည်ထောင်စုကြီးပြိုကွဲလုနီးပါးအထိ တိုင်းပြည်အတွက် အန္တရာယ်ကြီးမားခဲ့သည်။

ဒီမိုကရေစီထွန်းကားရေး အခြေခံအကြောင်းတရားမှာ တိုင်းပြည် တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ တည်ငြိမ် အေးချမ်းမှုမရှိဘဲ ဒီမိုကရေစီကို ကျင့်သုံးမည်ဆိုလျှင် မင်းမဲ့စရိုက် ပြန့်ပွားရေးကို ဦးတည်သွားမည် ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ကြရာတွင် နိုင်ငံ့သမိုင်းအစဉ်အလာ၊ လူမျိုး၏ ဓလေ့စရိုက်၊ အမျိုးသားယဉ်ကျေးမှုနှင့် ပထဝီနိုင်ငံရေး အခြေအနေ စသည်များ ကွဲပြားခြားနားမှုရှိသည့်အလျောက် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ထပ်တူထပ်မျှ မတူညီကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုင်းသည် မိမိနိုင်ငံနှင့် မိမိလူမျိုး အကျိုးဖြစ်ထွန်းစေမည့် ကိုယ်ပိုင်ပုံစံနှင့်သာ အကောင်အထည်ဖော်မြဲဖြစ်သည်။

အနောက်နိုင်ငံကြီးအချို့သည် မြန်မာနိုင်ငံ၏ လက်ငင်းလက်တွေ့ကျသော ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို မျက်ကွယ်ပြုလျက် စီးပွားရေးပိတ်ဆို့မှုများကို တိုး၍ ပြုလုပ်နေကြသည်ကို ဝမ်းနည်းဖွယ်တွေ့မြင်နေရသည်။ အနောက်နိုင်ငံကြီးအချို့သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု ပြုလုပ်နေသည့် မြန်မာအစိုးရအပေါ် အကျပ်ကိုင်သည့်အနေဖြင့် စီးပွားရေးကန့်သတ်မှုများကို မကြာသေးမီကပင် ထပ်မံချမှတ်ခဲ့ကြသည်။

အနောက်နိုင်ငံအချို့၏ အဆိုပါလုပ်ရပ်
နိုဝင်ဘာလအတွင်းက တရုတ်နိုင်ငံ လက်
က "မိမိတို့ အနေဖြင့် အရေးယူပိတ်ဆို့မှုများ
အရေးယူပိတ်ဆို့မှုများသည် ပြဿနာကိုမ
သွားစေမှာဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် စီ
ရရှိစေရန်အတွက် အေးချမ်းတည်ငြိမ်မှုသည်
လိုအပ်ချက်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကို
အရောက်ခံမှာမဟုတ်ကြောင်း၊ အခြားနိုင်ငံမ
နေပါစေ အရေးမကြီးကြောင်း၊ ယင်းသည်
ရပ်တည်ချက်ပင်ဖြစ်ကြောင်း" ပြောကြားသွ
တွေ့ရှိရသည်။

ဤနေရာတွင် အီရတ်နိုင်ငံ၏ အဖြစ်မ
အကျဉ်းချုပ်၍ ဖော်ပြလိုပါသည်။ ၂၀၀၆ခုနှစ်
ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ်မှ
အာနန်အား ဘီဘီစီသတင်းဌာနက "အ
အာဏာရှင်စနစ်အောက်မှာ နေရတာထက်
သေးတယ်လို့ ပြောနေကြတယ်။ ဒါဟာ အ
မေးမြန်းခဲ့သည်။

ကိုဖီအာနန်က "သာမန် အီရတ်ပြ
အနေအထားကို ကြည့်ရင် သူတို့ပြောတာ
အီရတ်ဆိုရင်လည်း အခုလို နှိုင်းယှဉ်ခံစားမိမှ
တမ်းတမ်း အုပ်ချုပ်တဲ့ အာဏာရှင်ရှိခဲ့တပ
အိမ်ပြင်ထွက်ပြီး လမ်းပေါ်မှာ အေးအေးဆေ
ကလေးတွေလည်း ကျောင်းတက်နိုင်ကြတ
ကလေးကျောင်းကနေ အိမ်ကိုပြန်ရောက်မှ
နေရတာမျိုး မရှိဘူး။ အခုအီရတ်မှာ အကြ
နိုင်နင်းအောင် မထိန်းချုပ်နိုင်ဘူး။ အီရတ်
နေတာက လုံခြုံရေးတည်ဆောက်ဖို့နဲ့ ရ
သောပတ်ဝန်းကျင်ကို ဆက်လက် ထိန်း
လုံခြုံမှုမရှိရင်ပြန်လည်ထူထောင်ရေးတို့၊
ဆိုတာကို ဘာမှလုပ်နိုင်မှာ မဟုတ်ဘူး" ဟု
တွေ့ရသည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူများ
နေသော နိုင်ငံတကာရေးရာနှင့် ပြည်တွင်း
ရပ်ကို မှန်ကန်စွာ ရှုမြင်သုံးသပ်အပ်ပေသ

၂၀၀၈ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံအတွက် တန်ဖိုးကြီးမ
ပြုလုပ်ကြရပေတော့မည်။ နိုင်ငံနှင့်လူမျိုးအတွက် အရေးကြ
ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အလျင်အမြန် ကူးပြော
လမ်းလည်းရှင်းနေသည့် လမ်းကြောင်းမှန်ကိုသာ ရွေးချယ်ကြရ
အကျိုးကို တန်ဖိုးထား လေးစားရမည့် အချိန်၊ မိမိလူမျိုးကို
ကာကွယ်စောင့်ရှောက်တည်ဆောက်မြှင့်တင်ရမည့် အချိန်အခါ
နေစေရေးအတွက် ခိုင်ကျည်မြဲမြံသော အမျိုးသားစည်းလုံးညီ

ကျော်မင်းအေး

...ပြောင်းလဲနေသော နိုင်ငံတကာ ...ကို မှန်ကန်စွာ ရှုမြင်သုံးသပ်အပ် ...၏ပုံရိပ်ကို လွဲမှားစွာ ပုံဖော်လျက် ...မရှိကြရန် အထူး အရေးကြီးလှ။

အခြေချ ... ယ်ကျယ် ... ီးရေးနှင့် ... ခိုးရမျိုး ... စ်ရပ်ကို ... ှာင်းရေး ... မည်ဖြစ် ... းကြောင်း ... ချုပ်ကြရ ... ဘာလက ... းများနှင့် ... ပါတီစုံ ... ိုင်းပြည် ... ရေးဘဝ ... နှစ်သည် ... ပြိုကွဲလု ... ိုင်းပြည် ... ာည်ငြိမ် ... မဲ့စရိုက် ... င်ငံတော် ... လှစရိုက်၊ ... ည်များ ... ာူထပ်မှု ... င်ငံတိုင်း ... င်ပုံစံနှင့် ... ာက်တွေ့ ... ီးပွားရေး ... တွေ့မြင် ... ှာင်းလဲမှု ... ီးပွားရေး ... ည်။

အနောက်နိုင်ငံအချို့၏ အဆိုပါလုပ်ရပ်နှင့်စပ်လျဉ်းပြီး ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက တရုတ်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက **"မိမိတို့ အနေဖြင့် အရေးယူပိတ်ဆို့မှုများကို သဘောမကျကြောင်း၊ အရေးယူပိတ်ဆို့မှုများသည် ပြဿနာကိုမဖြေရှင်းနိုင်ဘဲ ပိုပြီးဆိုးရွားသွားစေမှာဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် အေးချမ်းတည်ငြိမ်မှုသည် မြန်မာနိုင်ငံအတွက် အဓိက လိုအပ်ချက်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကို အီရတ်နိုင်ငံလို အဖြစ်သို့ အရောက်ခံမှာမဟုတ်ကြောင်း၊ အခြားနိုင်ငံများက မည်သို့ပင် စိတ်ကူးနေပါစေ အရေးမကြီးကြောင်း၊ ယင်းသည် တရုတ်နိုင်ငံ၏ အခိုင်အမာ ရပ်တည်ချက်ပင်ဖြစ်ကြောင်း"** ပြောကြားသွားသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

ဤနေရာတွင် အီရတ်နိုင်ငံ၏ အဖြစ်မျိုးဆိုသည်နှင့် စပ်လျဉ်းပြီး အကျဉ်းချုပ်၍ ဖော်ပြလိုပါသည်။ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၁ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ်မှ အနားယူသွားသော ကိုဖီအာနန်အား ဘီဘီစီသတင်းဌာနက **"အချို့ အီရတ်ပြည်သူတွေက အာဏာရှင်စနစ်အောက်မှာ နေရတာထက်တောင် အခုဘဝက ပိုဆိုးနေသေးတယ်လို့ ပြောနေကြတယ်။ ဒါဟာ အမှားကြီးတစ်ခုပဲလား"** ဟု မေးမြန်းခဲ့သည်။

ကိုဖီအာနန်က **"သာမန် အီရတ်ပြည်သူတစ်ယောက်ရဲ့ ဘဝ အနေအထားကို ကြည့်ရင် သူတို့ပြောတာ မှန်တယ်၊ ကျွန်တော်သာ အီရတ်ဆိုရင်လည်း အခုလို နှိုင်းယှဉ်ခံစားမိမှာပဲ။ သူတို့မှာ ကြမ်းကြမ်းတမ်းတမ်း အုပ်ချုပ်တဲ့ အာဏာရှင်ရှိခဲ့တယ်ဆိုပေမယ့် အဲဒီတုန်းက အိမ်ပြင်ထွက်ပြီး လမ်းပေါ်မှာ အေးအေးဆေးဆေး သွားလာလို့ရတယ်။ ကလေးတွေလည်း ကျောင်းတက်နိုင်ကြတယ်။ ဘယ်မိဘကမှ သူ့ကလေးကျောင်းကနေ အိမ်ကိုပြန်ရောက်မှရောက်ပါ့မလားလို့ စိုးရိမ်နေရတာမျိုး မရှိဘူး။ အခုအီရတ်မှာ အကြမ်းဖက်တိုက်ခိုက်မှုတွေကို နိုင်နင်းအောင် မထိန်းချုပ်နိုင်ဘူး။ အီရတ် လူ့အဖွဲ့အစည်းမှာ လိုအပ်နေတာက လုံခြုံရေးတည်ဆောက်ဖို့နဲ့ ရရှိထားတဲ့ လုံခြုံအေးချမ်းသောပတ်ဝန်းကျင်ကို ဆက်လက် ထိန်းသိမ်းနိုင်ဖို့ပဲ ဖြစ်တယ်။ လုံခြုံမှုမရှိရင်ပြန်လည်ထူထောင်ရေးတို့၊ နိုင်ငံတည်ဆောက်ရေးတို့ဆိုတာကို ဘာမှလုပ်နိုင်မှာ မဟုတ်ဘူး"** ဟု ဖြေကြားသွားခဲ့ကြောင်း တွေ့ရသည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူများသည် ဖြစ်ပျက်ပြောင်းလဲနေသော နိုင်ငံတကာရေးရာနှင့် ပြည်တွင်းရေးရာ အခြေအနေအရပ်ရပ်ကို မှန်ကန်စွာ ရှုမြင်သုံးသပ်အပ်ပေသည်။ အဆိုးမြင်ဝါဒသမားများက မြန်မာနိုင်ငံ၏ပုံရိပ်ကို လွဲမှားစွာ ပုံဖော်လျက်ရှိကြရာ ၎င်းတို့၏ စွပ်စွဲချက်များကို ယုံကြည်သက်ဝင်မှု မရှိကြရန် အထူးအရေးကြီးလှသည်။

ယနေ့ မြန်မာနိုင်ငံတွင်ပြည်သူများ လိုလားတောင့်တသော ပြည်ထောင်စုစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်များ အခိုင်အမာကျင့်သုံး ဖော်ဆောင်နိုင်ရေးတို့အတွက် လက်ငင်းလက်တွေ့ကျသော မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ တတိယအဆင့်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲမှုမှာ ပြီးစီးတော့မည်ဖြစ်သည်။

ဤ ၂၀၀၈ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအတွက် တန်ဖိုးကြီးမားသောရွေးချယ်မှုများကို အလှည့်အပြောင်းအဖြစ် ပြုလုပ်ကြရပေတော့မည်။ နိုင်ငံနှင့်လူမျိုးအတွက် အရေးကြီးသော ဆုံရပ်မှတ်တိုင်သို့ ရောက်ရှိနေပြီဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အလျင်အမြန် ကူးပြောင်း ရောက်ရှိရေးအတွက် ပန်းတိုင်လည်းထင်း၊ လမ်းလည်းရှင်းနေသည့် လမ်းကြောင်းမှန်ကိုသာ ရွေးချယ်ကြရတော့မည် ဖြစ်သည်။ ဤအချိန်ကား အမိနိုင်ငံတော်အကျိုးကို တန်ဖိုးထား လေးစားရမည့်အချိန်၊ မိမိလူမျိုးကို ချစ်ခင်မြတ်နိုး အားကိုးရမည့်အချိန်၊ အမိမြေကို ကာကွယ်စောင့်ရှောက် တည်ဆောက်မြှင့်တင်ရမည့် အချိန်အခါသမယ ဖြစ်ပေရာ ပြည်ထောင်စုအမွေ အမြဲတည်တံ့နေစေရေးအတွက် ခိုင်ကျည်မြဲမြံသော အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

...န်မာနိုင်ငံအတွက် တန်ဖိုးကြီးမားသော ရွေးချယ်မှုများကို အလှည့်အပြောင်းအဖြစ် ...ငံနှင့်လူမျိုးအတွက် အရေးကြီးသော ဆုံရပ်မှတ်တိုင်သို့ ရောက်ရှိနေပြီဖြစ်ရာ ...သို့ အလျင်အမြန် ကူးပြောင်းရောက်ရှိရေးအတွက် ပန်းတိုင်လည်း ထင်း၊ ...ကြောင်းမှန်ကိုသာ ရွေးချယ်ကြရတော့မည် ဖြစ်သည်။ ဤအချိန်ကား အမိနိုင်ငံတော် ...းရမည့် အချိန်၊ မိမိလူမျိုးကို ချစ်ခင်မြတ်နိုး အားကိုးရမည့်အချိန်၊ အမိမြေကို ...ာက်မြှင့်တင်ရမည့် အချိန်အခါသမယ ဖြစ်ပေရာ ပြည်ထောင်စုအမွေ အမြဲတည်တံ့ ...မြံသော အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ကြ။

အမျိုးသားရေး သမိုင်းပေးတာဝန်

အရေးသုံးပါး၊ လက်ကိုင်ထား၍
အမျိုးသားရေး၊ ဦးစားပေးကာ
မနေးအားပြု၊ ပြည်ထောင်စု၏
စေ့ငုပြင်းထန်၊ စိတ်ဓာတ်မာန်နှင့်
ရှင်သန်ကြီးထွား၊ ပြည့်အင်အားကို
ကြိုးစားခိုင်မြဲ၊ လက်ချင်းတွဲ၍
မကွဲညီတူ၊ စိတ်ရင်းဖြူဖြင့်
ဒို့မူနှင့်ညီ၊ ရှေ့သို့ဆီကို
ဒို့ချီတက်၍ သွားကြမယ်။

ဒို့သွားမည့်လမ်း၊ ကြမ်းပင်ကြမ်းလည်း
မပန်းဒို့မှာ၊ ကိုယ့်ပြည်ရွာတွက်
ဝဲယာအနှောင့်၊ အမှောင့်ပြည်တွင်း
သွတ်သွင်းမက၊ ပြည်ပမှပင်
နှောင့်ယှက်လျှင်လည်း၊ ဒို့များဖွဲ့နှင့်
စဉ်မြဲအားပြု၊ ပြည်ထောင်စုသား
ညီညွတ်အားဖြင့်၊ ပြတ်သားရှင်းလင်း
ဖယ်ရှားရင်းပင်၊ လမ်းစဉ်(၇)ရပ်
တည့်မတ်စေရေး၊ သမိုင်းပေးကို
ဒို့သွေးရင်းတည်၊ ကိုယ့်တိုင်းပြည်တွက်
ဒို့သည် ဆက်၍ချီကြလော့။ ။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုလျက်-

မောင်လှသိန်း(သတ္တုတွင်း)

ဖေဖော်ဝါရီ ၁၂ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဇဟန်းမြို့နယ် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မွန်လတ်က ဖတ်ကြားစဉ်။ (က-ပ)

ဖေဖော်ဝါရီ ၁၂ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အလုံမြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဖတ်ကြားစဉ်။ (က-ပ)

ဖေဖော်ဝါရီ ၁၂ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို တာမွေမြို့နယ် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက ဖတ်ကြားစဉ်။ (က-ပ)

ဖေဖော်ဝါရီ ၁၂ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကင်းပညာရေးကောလိပ်ခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုအောင်ကဖတ်ကြားစဉ်။ (က-ပ)

ဖေဖော်ဝါရီ ၁၂ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို လှိုင်မြို့နယ်အစည်းအဝေး ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေစန်းက ဖတ်ကြားစဉ်။ (က-ပ)

13-2 (09).pmd 1 2/13/2008, 12:57 AM

ဂျာမနီ ဘာလင်ရုပ်ရှင်ပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဂျာမနီနိုင်ငံ (၅၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာရုပ်ရှင်ပွဲတော်သို့ တက်ရောက်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် ပြန်ကြားရေးဝန်ကြီးဌာန ရုပ်ရှင်ဆင်ဆာအဖွဲ့ အဖွဲ့ဝင် ဦးမြင့်သိန်းဖေသည် ဖေဖော်ဝါရီ ၆ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ထွက်ခွာသွားသည်။ **(အောက်ပုံ)**

ကျင်းပမည်

(၅၈)ကြိမ်မြောက် ဘာလင် အပြည်ပြည်ဆိုင်ရာရုပ်ရှင်ပွဲတော်ကို ဖေဖော်ဝါရီ ၇ရက်မှ ၁၆ရက်အထိ ကျင်းပလျက်ရှိရာ နိုင်ငံတကာရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များနှင့် စာနယ်ဇင်းမှပုဂ္ဂိုလ်များအပြင် ရုပ်ရှင်ဝါသနာရှင်များလည်း တက်ရောက်ကြမည်ဖြစ်သည်။

လေ့လာ

အဆိုပါပွဲတော်တွင် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲနှင့် ရုပ်ရှင်နှင့်သက်ဆိုင်သည့် ဟောပြောပွဲများသို့ တက်ရောက်ခြင်း၊ ရုပ်ရှင်စတူဒီယိုများ၊ ရုပ်ရှင်ပြတိုက်များသို့ သွားရောက်လေ့လာခြင်းများအပြင် Academy for Film and Television နှင့် Academy for Film and Television Konrad Wolf တို့သို့ သွားရောက်လေ့လာခြင်းများ ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ရွှေဘိုလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ရွှေဘိုလမ်း လမ်းသစ်ကို ဖေဖော်ဝါရီ ၆ရက် နံနက် ၁၁နာရီက အဆိုပါလမ်းမှုခ်ဦးရှေ့တွင်ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ ပြင်ဦးလွင် တပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇေယျာအောင်နှင့် တပ်နယ်အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ပေးအပ်

ရွှေဘိုလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်နှင့်ပတ်သက်၍ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအောင်ကိုလတ်က ရှင်းလင်းတင်ပြခဲ့ပြီး လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်ပစ္စည်းများအား မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးလှမျိုးက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် ပြင်ဦးလွင်တပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇေယျာအောင်သို့ ပေးအပ်သည်။

အဆိုပါလမ်းသစ်ကို မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးလှမျိုးနှင့် ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက လမ်းဖွင့်ပွဲမှုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

အောင်မင်္ဂလာ မြေဇင်းတောရရိပ်သာ တရားစခန်းသိမ်းအောင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မောင်းထောင်မြေဇင်းတော ဆရာတော်ကြီး၏တပည့် ယောဂီများစုပေါင်းတည်ထောင်သော ကန္နီဥပနိသျှ မောင်းထောင်မြေဇင်းတောရတိုက်ခွဲ (အောက်မြန်မာပြည်)အောင်မင်္ဂလာ မြေဇင်းတောရရိပ်သာတွင် ပထမအကြိမ်မြောက် ၆၀ တရားစခန်းသိမ်းအောင်ပွဲကို ၁၃၆၉ခုနှစ်တပို့တွဲလဆန်း ၁၂ရက်၊ ဖေဖော်ဝါရီ ၁၈ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုသာသနာပြုနိုင်ကြစေရန် ဘွက်ကြီးကျေးရွာ မှော်ဘီမြို့နယ် အောင်မင်္ဂလာမြေဇင်းတောရရိပ်သာ အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်းသိရသည်။ **(က-ပ)**

ရွှေဘိုဆရာတော် ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရွှေဘိုမြို့ မဏိရတနာပုံ ကျောင်းတိုက် ဆရာတော်ကြီးနှင့် သီတဂူကြယ်တစ်ပွင့် ဆရာတော်၏ တပည့် မလွန်ဆန်လှူအသင်းကြီး၏ နယ်လှည့်ဓမ္မကထိက အရှင်ဝိစာရ(ဓမ္မာစရိယ)သည် ဝက်လက်မြို့နယ် အင်ဒေါင်းရွာအလှူ ဖေဖော်ဝါရီ ၁၅၊ ၁၆ရက် ကဝမြို့နယ် ကြာတောရွာ၊ ၁၇ရက် ညောင်ပင်ရွာ၊ ၁၈ရက် သမဲ့ချောင်းရွာဘုရားပွဲ၊ ၁၉ရက် ဘုမ္မစိုးရွာ၊ ၂၂၊၂၃၊၂၄ရက် ဆုတောင်းရမဟာမြိုင်ကျောင်းတိုက် မန္တလေး၊ ၂၆၊ ၂၇၊၂၈ ရက် ဒိုက်ဦးမြို့နယ် ကုန်းရိုးရွာဘုရားပွဲ၊ မတ် ၂၊ ၃ရက် ကဝမြို့နယ် တမံကြီးရွာ ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

Toshiba ၏ အရည်အသွေးမြင့် Notebook များ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

Lucky Bird Trading Co.,Ltd. မှ Toshiba Notebook Authorized Dealer & Service Provider (Myanmar) ၏ International Warranty & Services တို့နှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆာကူရာတာဝါ သီရိပစ္စယာခန်းမ၌ကျင်းပရာ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး Lucky Bird Trading Co.,Ltd မှ မန်နေဂျင်း ဒါရိုက်တာ ဦးထင်အောင်ခိုင်က Toshiba Notebook ၏ နောက်ခံသမိုင်းကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်လာသော Toshiba ၏ နည်းပညာ ဆန်းသစ်တီထွင်မှုများ အကြောင်းကို ရှင်းလင်းတင်ပြသည်။

တင်ပြ

ဆက်လက်၍ Lucky Bird Trading Co.,Ltd. မှ ဒါရိုက်တာ ဒေါ်မေဖြူသွယ် **(ယာပုံ)** က ကုမ္ပဏီမှ ဖြန့်ဖြူးသည့် Toshiba Notebook များအား နိုင်ငံတကာ အရည်အသွေးမီ လက်မှတ်နှင့် ဝန်ဆောင်မှုများပေးနေမှု အခြေအနေ၊ပေါ့ပါးပြီး သယ်ဆောင်ရလွယ်ကူသော Toshiba Notebook များအကြောင်းကို လည်းကောင်း၊ Service Manager ဦးအောင်ဟိန်းမင်းက International Warranty & Services အကြောင်းကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြသည်။

ဝယ်ယူနိုင်

Toshiba Corporation အနေဖြင့် ၁၉၈၅ခုနှစ်တွင် ကမ္ဘာ့ပထမဆုံး လက်ဆွဲကွန်ပျူတာကို ထုတ်လုပ်ခဲ့ပြီး ယခုအခါ တီထွင်ဆန်းသစ်မှု အတွေ့အကြုံသစ်များနှင့် ပေါင်းစပ်၍ အမြဲတစေ ဆန်းသစ်နေမည့်နည်းပညာများနှင့်အတူ နောက်ဆုံးပေါ် ဒီဇိုင်းတို့ဖြင့် အလွယ်တကူပေါ့ပါးစွာ သယ်ဆောင်နိုင်သည့် Toshiba Notebook များကို Satellite, Portege, Tecra, Qosmio စသည်ဖြင့် အမျိုးအစားလေးမျိုး ထုတ်လုပ်လျက်ရှိသည်။ Lucky Bird Trading Co., Ltd. မှဝယ်ယူသော Toshiba Notebook များကို ပစ္စည်းဖိုးနှင့်လက်ခမဲ့ ပြုပြင်ပေးလျက်ရှိသည့်အပြင် Internet မှ တစ်ဆင့် မိမိဝယ်ယူသော Toshiba Notebook များကို အာမခံပေးပြီး ထုတ်လုပ်သည့်နိုင်ငံနှင့် ထုတ်လုပ်သည့်ရက်စွဲတို့ကို အသေးစိတ်စစ်ဆေးနိုင်မည့်အပြင် WWW.PC. Tos hiba Asia Com သုံးပြီး Website မှနေ၍ ၂၄နာရီ ပိတ်ရက်မရှိ ကြည့်ရှုနိုင်ပြီး ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။ Toshiba၏အရည်အသွေးမြင့် Notebook များကို ဝယ်ယူသုံးစွဲလိုပါက Lucky Bird Trading Co., Ltd. သိမ်ဖြူလမ်း အမှတ်၃၅၅ အခန်း၁၀၆ ဖုန်း-၂၄၁၈၆၇၊ ၃၇၉၈၇၅တို့သို့ အာမခံချက်အပြည့်ဖြင့် ဝယ်ယူနိုင်သည်။

(သတင်းစဉ်)



ဩဝါဒပါတိမောက် အခါတော်နေ့ထမနဲပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်၆ အင်းစိန်လမ်းမကြီး အရှေ့ကြို့ကုန်းရပ်ကွက် မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့က ၁၃၆၉ခုနှစ် တပို့တွဲလပြည့်၊ ဖေဖော်ဝါရီ ၂၁ရက်(ကြာသပတေးနေ့) ဩဝါဒပါတိမောက်အခါတော်နေ့ ထမနဲပွဲတော်နှင့် (၂၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုအထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲ စတုတ္ထနေ့ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုအထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲ စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိသည်။ **(အပေါ်ပုံ)**

ဖွင့်လှစ်ရောင်းချ

စာအုပ်ဈေးရောင်းပွဲတွင် Five Brothers အမြင်သစ်စာပေ၊ အေဝမ်းစာပေ၊ လွင်ဦးစာပေ၊ ဖိုးသင်းနိုင်စာပေ၊ ဒိုင်းခင်ခင်စာပေ၊ ခရေဖူးစာပေ၊ ဇော်စာပေ၊ သန်းလွင်စာပေ၊ သန်းထွန်း စာပေ၊ ကံ့ကော် ဝတ်ရည်၊ ပုဂံစာအုပ်တိုက်တို့ အပါအဝင် ၅၃ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

ဈေးနှုန်းသက်သာ

စာအုပ်ဈေးရောင်းပွဲသို့ ရဟန်းသံဃာများ၊ စာပေဝါသနာရှင်များ၊ ရုံးဝန်ထမ်းများ၊ ကျောင်းသူကျောင်းသားများ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူကြသည်။ ဘိုးဘွားရိပ်သာမှလည်း သက်သာချောင်ချိရေး အရောင်းဆိုင်များဖွင့်လှစ်၍ ထမင်း၊ ဟင်း၊ စားသောက်ဖွယ်မျိုးစုံတို့ကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးသဖြင့် ဈေးရောင်းပွဲသို့ လာရောက်သူများ၊ ဆိုင်အလှူရှင်များ အဆင်ပြေလွယ်ကူစွာ ဝယ်ယူစားသောက်နိုင်ကြသည်။

ဆက်သွယ်လှူဒါန်း

စာအုပ်ဈေးပွဲတော်အောင်ပွဲနေ့ဖြစ်သော ဖေဖော်ဝါရီ ၁၇ရက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်လှူဒါန်းပွဲကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသော စေတနာရှင်များသည် နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးဌာန ဖုန်း-၅၄၁၇၉၆သို့ ဆက်သွယ်လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန် ကုန် မြို့ သာကေတ မြို့နယ် ၇ အရှေ့ရပ်ကွက် ယုဇနလမ်း အမှတ် ၂၃နေ နှစ်ဖက် ဘိုးဘွားများနှင့် ဖခင် ဦးမောင်မောင်သန်း၊ မိခင် ဒေါ်ခင်သန်းဝင်း၊သား မောင်ငြိမ်းချမ်းအောင်(၂၃)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် (၁၂) စကားဝါလမ်း မင်းကွန်း

တိပိဋက ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို တိပိဋက နှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧကဝယ်ယူရရှိပြီးသော မြေ၌ သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိဘများအား ရည်စူး၍ မိခင်ကြီး ဒေါ်မြသီကို အမှူးထားကာ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စဥ့်ကူ ငါးခန်းတွဲ (၅)လမ်းနေ ဦးကြည်ဝင်း-

ဒေါ်လှလှနွယ် မိသားစုက အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ဝိစိတ္တသာရ (မွှာစရိယ) M.A (Ph.D)Thesis (နလန္ဒာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လပွတ္တာမြို့ ဘီတွတ်ကျေးရွာ စပါးခွံလောင်စာသုံးလျှပ်စစ်မီးပေးဝေမှု

တိုင်းမှူးပိုလ်မှူးချုပ်ကျော်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် ဇန်နဝါရီ ၂၃ရက် မွန်းလွဲပိုင်းက ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြ-လပွတ္တာ ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး လမ်းဝဲယာတစ်လျှောက် ကျေးရွာများ၏ နွေစပါးစိုက်ပျိုးပြီးစီးမှုနှင့် ရှင်သန်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဇန်နဝါရီ ၂၄ရက် နံနက်ပိုင်းတွင် လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာရှိ အိမ်ခြေ ၇၅လုံးအား ညစဉ် ၆နာရီမှ ၁၁နာရီ အထိ လျှပ်စစ်မီးရရှိရေးအတွက် စပါးခွံလောင်စာ အသုံးပြု၍ (TE-11) အင်ဂျင်ဖြင့် လျှပ်စစ်မီးဖြန့်ဝေပေးရန် ဆောင်ရွက်ထားရှိမှုအားလည်းကောင်း **(အပေါ်ပုံ)**၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၀ဖြင့် ဖွဲ့စည်းထားကာ အရန်မီးသတ် တပ်ဖွဲ့ရုံးနှင့် မီးငြိမ်းသတ်ရာတွင် အသုံးပြုသော ပစ္စည်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးသည် ရတနာပုံကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်မျိုးစုံ အုပ်၃၀၀ကို ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူအသီးသီးတို့ကနေ့စဉ်ထုတ်သတင်းစာများကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ယင်းနောက်တိုင်းမှူးသည် စာကြည့်တိုက်အတွင်းရှိ သုတ၊ ရသစာအုပ်စာစောင်များ စုဆောင်းထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ရတနာပုံ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သည် အလျား ၂၁ပေ၊ အနံ ၁၅ပေ၊ အမြင့် ၁၂ပေရှိ သစ်သား၊ သွပ်မိုး အဆောက်အအုံဖြစ်၍ ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၆ရက်တွင် ဖွင့်လှစ်ခဲ့ပြီး အဆောက်အအုံတန်ဖိုးမှာ ငွေကျပ်သိန်း၂၀ခန့် ဖြစ်ပြီး စာကြည့်တိုက်တွင် သုတ၊ရသစာအုပ်စာစောင်မျိုးစုံ အုပ်၃၂၅၀ စုဆောင်းထားရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

၎င်းနောက် တိုင်းမှူးသည် ကျေးရွာရှိ တယ်လီဖုန်းအလုံးရေ ၇၀ တပ်ဆင်ထားသော လိုင်းခွဲအော်တို အိတ်ချိန်းအဆောက်အအုံနှင့် စက်ပစ္စည်း တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာ သောက်သုံးရေ ရရှိရေးအတွက်ဆောင်ရွက်ထားရှိသော ရေကန်မှ ရေသိုလှောင်ထားမှုကို လည်းကောင်း၊ လပွတ္တာမြို့နယ်၊ ပြင်စလူ မြို့နယ်၊ သိပ္ပံ ကုန်းကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများ အခြေအနေကို လည်းကောင်း၊ သိပ္ပံစာကြည့်တိုက်တွင် စာအုပ်၊ စာစောင်များ စုဆောင်းထားရှိမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

စုဆောင်းထားရှိ

အဆိုပါ သိပ္ပံစာကြည့်တိုက်သည် ပေ ၂၀ ပတ်လည် ပျဉ်ထောင်၊ သွပ်မိုး အဆောက်အအုံဖြစ်ပြီး ကုန်ကျငွေကျပ် ၁၅ သိန်းဖြင့် ၂၀၀၅ ခုနှစ် ဇွန်လ ၄ရက်တွင် ဖွင့်လှစ်ခဲ့ပြီး သုတ၊ ရသစာအုပ်မျိုးစုံ ၁၃၀၀ ခန့် စုဆောင်းထားရှိသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပြင်အလန်းကျေးရွာအုပ်စု အမတ်ကြီးကျေးရွာတွင် ကျေးရွာအိမ်ခြေဖွဲ့စည်းတည်ရှိမှုကိုလည်းကောင်း၊ အာဒရာ မြန်မာနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့မှ ဒေသဖွံ့ဖြိုးရေးအဖြစ် ဆောင်ရွက်ထားသော အလျားပေ ၈၀၊ အကျယ် ၁၂ပေ၊ ခံနိုင်ဝန်ရှစ်တန်ရှိသော တံတားကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ် ၁၅၇ ၁၀၁လမ်း ကန်တော်ကလေး မင်္ဂလာတောင်ညွန့်မြို့နယ်နေ အဖ ဦးသန်း-အမိ ဒေါ်မြနှင့် မောင် ဦးအောင်မြင့်တို့အား ရည်စူး၍ ဒေါ်လှသန်း မိသားစုက ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင် အသင်းသို့ ရာသက်ပန်သောက်ရေသန့် ရေပဒေသာပင်အလှူ ငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသန်းဇော် လက်ခံယူစဉ်။

(က-ပ)

မူးယစ်ကင်းစင်

အလှဆင်

ဝန်ကြီးဒေါက်တာကျော်မြင့် ပြည်သူ့ဆေးရုံနှင့် တိုင်းရင်းဆေးရုံများစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဖေဖော်ဝါရီ ၈ရက် နံနက် ၇နာရီခွဲက နေပြည်တော်ပျဉ်းမနား တောင်ညိုတိုက်နယ်ဆေးရုံ၊ အမျိုးသမီးလူနာဆောင်၊ သားဖွားခန်း၊ သန့်စင်ခန်းအသစ်ဆောက်လုပ်နေမှု၊ ခွဲစိတ်ခန်းပြုပြင်တည်ဆောက်ရန် အခြေအနေ၊ အမျိုးသားလူနာဆောင်၊ ဆေးသိုလှောင်ခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မကွေးတိုင်း တောင်တွင်းကြီး မြို့နယ်ဆေးရုံသို့သွားရောက်ကာ တီဘီရောဂါကုဌာန၊ ဆေးရုံရေပေးဝေရေးအတွက်တည်ဆောက်ထားမှု၊ ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုပြီး မကွေးပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ ဆေးရုံအတွင်း ဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခ၊ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံ၍ သင်ကြားရေးဆေးရုံကြီးအတွက် စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ရန်လျာထားမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားရေးဆိုင်ရာ စီစဉ်ထားရှိမှု အခြေအနေများ၊ ဌာနမှူးများ၏ လိုအပ်ချက် တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၉ရက်တွင် မကွေးတိုင်း တိုင်းရင်းဆေးရုံသို့သွားရောက်၍ လူနာကုသဆောင်များ၊ တိုင်းရင်းပရဆေးဥယျာဉ်၊ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ **(အပေါ်ပုံ)**
(သတင်းစဉ်)

ဆုချီးမြှင့်

ရန်ကုန်တိုင်း တာမွေမြို့နယ် အမက(၃၂)၏ ၂၀၀၆-၂၀၀၇ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၉ရက်က ကျင်းပရာ သူငယ်တန်းမှ တတိယတန်း အထိ လေးနှစ်ဆက်တိုက် ပထမဆုရ စတုတ္ထတန်းမှ မောင်မင်းသီဟထွန်းအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ဝင်းရီက ဆုချီးမြှင့်စဉ်။

(က-ပ)

အကယ်ဒမီ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ အကယ်ဒမီ နန္ဒာလှိုင်နှင့် ဓာတ်ပုံ အောင်ထွန်းနိုင်(ပြည့်မြန်မာ)

တွေ့ဆုံမေးမြန်းသူ-မိုးမြင့်လင်းလက် | ဓာတ်ပုံ-အောင်ထွန်းနိုင်(ပြည့်မြန်မာ) | စာမျက်နှာပွဲ့စည်းမှု-ထိန်လင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၂

လူ့ဘဝမှာ ကြုံတောင့်ကြုံခဲ အဖြစ်အပျက်တွေ အများကြီးရှိပါတယ်။ ဒီလို အံ့သြစရာကောင်းအောင် တိုက်ဆိုင်မှုလေးတစ်ခု ၂၀၀၆ခုနှစ် အကယ်ဒမီဆုပေးပွဲမှာ ဖြစ်ခဲ့ပါတယ်။ အဲဒါကတော့ အောင်ထွန်းနိုင် (ပြည့်မြန်မာ)၊ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)နဲ့ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ နန္ဒာလှိုင်တို့ရဲ့ အမှတ်မထင် ဆုံစည်းမှုပါပဲ။

၂၀၀၆ခုနှစ် အကယ်ဒမီဆုပေးပွဲကို သတင်းဓာတ်ပုံတွေ ရယူနိုင်ရန်အတွက် အောင်ထွန်းနိုင်(ပြည့်မြန်မာ)ကို မြန်မာ့အလင်းက တာဝန်ပေးခဲ့လို့ အောင်ထွန်းနိုင်(ပြည့်မြန်မာ)ဟာ ၂၀၀၆ ခုနှစ် အကယ်ဒမီဆုပေးပွဲကို သွားရောက်ခဲ့ပါတယ်။

၂၀၀၆ခုနှစ် အကယ်ဒမီဆုပေးပွဲမှာ အကောင်းဆုံးဒါရိုက်တာဆုကို **''မျှော်လင့်ခြင်းများစွာ''** ရုပ်ရှင်ဇာတ်ကား ရိုက်ကူးတဲ့ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က ရရှိသွားခဲ့သလို အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို အကယ်ဒမီ နန္ဒာလှိုင်က ရရှိသွားခဲ့ပါတယ်။

၂၀၀၆ခုနှစ် အကယ်ဒမီဆုရှင် နန္ဒာလှိုင်နှင့် ပရိသတ်ရှေ့မှောက်သို့ ပြက္ခဒိန်ဖြင့် မိတ်ဆက်စင်တင်ပေးခဲ့သူ ဆရာအောင်ထွန်းနိုင်(ပြည့်မြန်မာ)တို့ ရှေးဟောင်းနှောင်းဖြစ် ဖြတ်သန်းကျော်ဖြတ်လာခဲ့ပုံများကို ဤသို့ ပြန်ပြောင်းသတိတရ ပြောဆိုခဲ့ကြသည်။ (မြန်မာ့အလင်း)

တပည့် နန္ဒာလှိုင် အကယ်ဒမီရရှိခဲ့သလို ဆရာဖြစ်သူ ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)ကလည်း အကယ်ဒမီရရှိခဲ့သည့် မြင်ကွင်းမှာ...

၂၀၀၆ခုနှစ် အကယ်ဒမီရွှေစင် ရုပ်တုကိုင်ဆောင်ပြီး ကျေးဇူးတင်စကား နန္ဒာလှိုင်ပြောခဲ့တဲ့အထဲမှာ ပထမဦးဆုံး ကျေးဇူးတင်ထိုက်သူအဖြစ် အောင်ထွန်းနိုင်(ပြည့်မြန်မာ)ကို အထူးကျေးဇူးတင်ရှိကြောင်း အမှတ်တရ ပြောကြားနေချိန်မှာ အောင်ထွန်းနိုင် (ပြည့်မြန်မာ)ဟာ မြန်မာ့အလင်း သတင်းစာအတွက် မှတ်တမ်း ဓာတ်ပုံတွေ တဖျပ်ဖျပ်နဲ့ လိုက်ရိုက်နေချိန် ဖြစ်ပါတယ်။

ဒါကြောင့် အကယ်ဒမီဆုပေးပွဲ အပြီးမှာ အကယ်ဒမီနန္ဒာလှိုင်နဲ့တွေ့ဆုံပြီး မေးမြန်းတဲ့အခါ **"နန္ဒာ့ဘဝမှာ ဆရာဦးအောင်ထွန်းနိုင် (ပြည့်မြန်မာ)ကို တကယ့်ဆရာအရင်းလို့ သတ်မှတ်ထားတာပါ။ ဆရာဟာ နန္ဒာ ဒသမတန်း ကျောင်းသူဘဝကတည်းက မော်လမြိုင်အထိ ရောက်လာပြီး ပြက္ခဒိန်ရိုက်ဖို့ လာရောက်ခေါ်ခဲ့သလို ဖေဖေ့ကိုလဲ ခွင့်ပြုနိုင်အောင် ကတိပေးပြီး ဒီရုပ်ရှင်လောကထဲ ရောက်အောင် ခေါ်ခဲ့တဲ့သူပါပဲ။ နန္ဒာ့ကို ၁၉၉၄ခုနှစ်မှာ Myanmar Belles(မြန်မာ့ပျိုကညာ) ပြက္ခဒိန်နဲ့ စတင် ရိုက်ကူးပေးခဲ့ပါတယ်။ ရန်ကုန်မှာ နေရာထိုင်ခင်းကအစ ရှာဖွေကူညီပေးခဲ့သလို ရုပ်ရှင်ရိုက်ကွင်းတွေ ခေါ်သွားပြီး ရုပ်ရှင် ဒါရိုက်တာတွေ၊ မင်းသား မင်းသမီးတွေနဲ့ မိတ်ဆက်ပေးခဲ့တဲ့သူပါ။ ပြက္ခဒိန်တွေ အတော်များများ ရိုက်ကူးပေးခဲ့ပြီး လူသိများအောင်လဲ ကူညီပေးခဲ့ပါတယ်။ ဒီလိုနဲ့ ရုပ်ရှင်နယ်ထဲ ရောက်ခဲ့ချိန်မှာ ဆရာနဲ့ အဆက်အသွယ် ပြတ်သလို ဖြစ်ခဲ့ပေမယ့် ဆရာ့ကျေးဇူးတွေ ဘယ်တော့မှ မမေ့ပါဘူး။ အခုတော့ တိုက်တိုက် ဆိုင်ဆိုင်ပဲ အကယ်ဒမီပေးပွဲမှာ နန္ဒာအကယ်ဒမီရတဲ့ပွဲမှာ ဆရာကိုယ်တိုင် မှတ်တမ်းတင်ဓာတ်ပုံတွေ ရိုက်ပေးနေတာတွေ့ရတော့ နန္ဒာအရမ်းလည်း ဝမ်းသာသွားတယ်။ ဒါကြောင့် ကျေးဇူးတင်စကားပြောဖြစ်ခဲ့တာပါ"** လို့မျက်ရည်ဝဲပြီး နန္ဒာလှိုင်က ပြောပြပါတယ်။

ဒါက တပည့်ရဲ့ အောင်မြင်မှုကို မမျှော်လင့်ဘဲ မှတ်တမ်းတင် ဓာတ်ပုံတွေရိုက်ပေးရတဲ့ အောင်ထွန်းနိုင် (ပြည့်မြန်မာ)နဲ့ နန္ဒာလှိုင်တို့ရဲ့ အမှတ်မထင် ပြန်လည်တွေ့ဆုံမှု ဖြစ်ရပ်ပါပဲ။

နောက်ဖြစ်ရပ်ကတော့ အကယ်ဒမီ နန္ဒာလှိုင်ကို ပထမဆုံး ခေါင်းဆောင်မင်းသမီး တင်ရိုက်ခဲ့တဲ့ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)ပဲ ဖြစ်ပါတယ်။ အကယ်ဒမီ နန္ဒာလှိုင်ဟာ သရုပ်ဆောင် မင်းသမီးအဖြစ် ပထမဆုံး တင်ရိုက်ခဲ့တဲ့ **"မြားနတ်ရှင်"** ဗီဒီယိုဇာတ်ကားဖြစ်ပါတယ်။ အဲဒီ ဗီဒီယိုဇာတ်ကားမှာ ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)နဲ့ သရုပ်ဆောင် ဒွေးတို့က သရုပ်ဆောင်မှုအပိုင်းတွေကို စေတနာအပြည့်နဲ့ သင်ကြားပေးခဲ့တာမို့ အကယ်ဒမီ နန္ဒာလှိုင်ရဲ့ ရုပ်ရှင်အနုပညာအပိုင်းမှာ လက်ဦးဆရာတွေပါပဲ။

အခု အကယ်ဒမီ ဆုချီးမြှင့်ပွဲမှာ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)ဟာ **"မျှော်လင့်ခြင်းများစွာ"** ရုပ်ရှင်ကားနဲ့ အကောင်းဆုံး ဒါရိုက်တာဆုရရှိခဲ့ပါတယ်။ ဒီပွဲမှာ ဆရာဖြစ်သူ ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)လည်း အကယ်ဒမီ ရခဲ့တာမို့ ဒီအကယ်ဒမီပွဲဟာ ဆရာတပည့်တွေ ပြန်ဆုံတဲ့ပွဲ၊ အောင်မြင်မှုတွေ ရရှိတဲ့ပွဲလည်း ဖြစ်ခဲ့ပါတယ်။

ဒီအဖြစ်တွေနဲ့ ပတ်သက်ပြီး အောင်ထွန်းနိုင် (ပြည့်မြန်မာ) ကို တွေ့ဆုံမေးမြန်းတဲ့အခါ **"ကျွန်တော် ပြက္ခဒိန်တွေ ရိုက်တဲ့အခါ အသစ်တွေကိုပဲ ဦးစားပေးသုံးတယ်။ နာမည်ကြီးတွေထက် မျက်နှာသစ်တွေကို သုံးတာက အမြဲတမ်း ဆန်းသစ်နေချင်တဲ့ ဆန္ဒပါ။ အဲဒီမှာ နန္ဒာလှိုင်ကို အသိတစ်ယောက်ပြောပြလို့ သွားကြည့်တဲ့အခါ ရုပ်ရည်၊ ဟန်ပန် အမူအယာအားလုံးက ဖြစ်နိုင်တဲ့အနေအထားရှိလို့ သူ့အဖေဆီက ခွင့်ပြုချက်ယူပြီး ပြက္ခဒိန် ရိုက်ကူးခဲ့တာပါ။ ပြက္ခဒိန်ရိုက်တော့လဲ ခက်ခက်ခဲခဲ သိပ်မရှိဘူး။ သူကိုယ်တိုင်လဲ ကြိုးစားတာပါတယ်။ အဲဒီ အကယ်ဒမီညက သူအကယ်ဒမီရလိမ့်မယ်လို့ မထင်မိဘူး။ သူရကြောင်း ကြေညာလိုက်တော့ ကျွန်တော် အတော်လေး ဝမ်းသာသွားတယ်။ ဒါကြောင့် သူ့ဓာတ်ပုံတွေ၊ သူ့အမေ ဒေါ်ခင်လှ ဓာတ်ပုံတွေ ပါရအောင် ရိုက်ခဲ့တာပါပဲ။ နန္ဒာလှိုင့်အမေဓာတ်ပုံကို ဘာဖြစ်လို့ ရိုက်ရသလဲဆိုရင် သူ့အောင် မြင် မှု ရ တာဟာ သူ့မိဘ နှစ်ပါးစလုံးရော မိသားစု တစ်စုလုံးပါ သူ့ရုပ်ရှင် အနုပညာကို ဝိုင်းဝန်း အားပေးကြလို့ ဖြစ်တာမို့ ဂုဏ်ပြုတဲ့သဘောပါပဲ"** လို့ ပြောပြပါတယ်။

ဒါကြောင့် ၂၀၀၆ အကယ်ဒမီ ဆုပေးပွဲမှာ အမှတ်မထင် ပြန်ဆုံကြတဲ့ ဆရာ၊ တပည့် တွေရဲ့ အောင်မြင်မှုတွေဟာ တိုက်ဆိုင်လွန်းတဲ့ ဖြစ်ရပ်အပြင်လောကမှာ ခက်ခဲမှုသုံးခုဖြစ်တဲ့ ကျေးဇူးသိတတ်ခဲခြင်း၊ ကျေးဇူးရှိကြောင်း နှုတ်မှဖွင့်ပြောခဲခြင်းနဲ့ ကျေးဇူးဆပ်နိုင်ဖို့ ခဲယဉ်းခြင်းဆိုတဲ့ အရာတွေကို အကယ်ဒမီ နန္ဒာလှိုင်ကတော့ ပြောကြားခဲ့တာမို့ ဆရာတပည့်တွေရဲ့ အနုပညာဆုံစည်းမှုဟာ တကယ့်ကို ထူးခြားတဲ့ဆုံတွေ့မှုအဖြစ် တင်ပြလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

၁၉၉၅ခုနှစ်က သတ္တုတွင်းဝန်ကြီးဌာန(မြန်မာ့ကျောက်မျက်ရတနာ)ပြက္ခဒိန်မျက်နှာဖုံးတွင် နန္ဒာလှိုင်၏ အလှကို ဤသို့တွေ့နိုင်သည်။

ပျိုမျှစ် နုနယ်

နန္ဒာလှိုင် ပထမဆုံး ပါဝင် သရုပ်ဆောင် ခဲ့ သည့် ၁၉၉၄ ခုနှစ်က မြဝတီ ပုံနှိပ်တိုက်မှ ထုတ်ဝေသော Myanmar Belles ပြက္ခဒိန်၌ နန္ဒာလှိုင်၏ ပျိုမျှစ်နုနယ် လှသွေးကြွယ်ပုံကို ဤသို့ တွေ့ရသည်။

အကယ်ဒမီဆုပေးပွဲမှာ အမှတ်မထင် ပြန်ဆုံကြတဲ့ ဆရာ၊တပည့်တွေရဲ့ အောင်မြင်မှုတွေဟာ တိုက်ဆိုင်လွန်းတဲ့ ဖြစ်ရပ်အပြင် လောကမှာ ခက်ခဲမှုသုံးခုဖြစ်တဲ့ ကျေးဇူး သိတတ်ခဲခြင်း၊ ကျေးဇူးရှိကြောင်း နှုတ်မှ ဖွင့်ပြောခဲခြင်းနဲ့ ကျေးဇူးဆပ်နိုင်ဖို့ ခဲယဉ်း ခြင်းဆိုတဲ့ အရာတွေကို အကယ်ဒမီနန္ဒာလှိုင် ကတော့ ပြောကြားခဲ့။

ကံသစ်ရွှေဘုန်းပွင့် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် ကံသစ်စံပြကျေးရွာ သာသနာလင်္ကာရ ကံသစ်အလယ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ပညာဝုဓ (အစိုးရဓမ္မာစရိယ) ဦးစီးလျက် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ ပေါင်းစု၍ ကျင်းပသော ရွှေဘုန်းပွင့်ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် အဌမအကြိမ် နေ့ညမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အကြိုဓမ္မသဘင်၌ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက် စီမံအုပ်ချုပ်မှု မဟာနာယက အကျိုးတော်ဆောင် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒ တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝံသပါလာလင်္ကာရအရှင်မြတ်သည် (၁၃၆၉ခုနှစ် တပို့တွဲလဆန်း ၁၀ရက်) ဖေဖော်ဝါရီ ၁၆ ရက် (စနေနေ့) ည ၆ နာရီတွင် ရွှေဘုန်းပွင့်ဓမ္မာရုံ၌ နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရွှေပါရမီ သွေးလှူဒါန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ၏ ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာတော်နှင့်အတူ မည်သူမဆို လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖြူးရွှေကျင်ကျောင်းတိုက် တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

သတ္တမအကြိမ်မြောက် ဖြူးမြို့ ရွှေကျင်(မြောက်ကျောင်း) ခုနစ်ရက်တရားစခန်းကို ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ၏ ဩဝါဒကိုခံယူ၍ ဖေဖော်ဝါရီ ၂၄ရက်မှစ၍ မတ် ၂ရက်အထိ ခုနစ်ရက်တရားစခန်းကို အဆိုပါကျောင်းတိုက်၌ ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါတရားစခန်းတွင် ပဲခူးမြို့ နာရဏီသိမ်တော်ကြီးမှ ကမ္မဋ္ဌာနာစရိယ တရားပြဆရာဦးသန်းစိုးက မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကို ခံယူ၍ စာတွေ့လက်တွေ့ ပို့ချမည်ဖြစ်ပြီး အချိန်ပိုင်း စာတွေ့သင်တန်း တက်ရောက်လိုသော ဓမ္မမိတ်ဆွေများသည်လည်း နေ့စဉ် နံနက်၇နာရီ၌ တစ်ကြိမ်၊ ညနေ၅နာရီ၌ တစ်ကြိမ် တရားနာယူနိုင်ကြောင်း သိရသည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဦးသက်စိန်(ဥက္ကဋ္ဌ)၊ ဦးကျော်ဇောဝင်း(ဒုတိယဥက္ကဋ္ဌ)၊ဦးသန်းညွန့်(ဒုတိယဥက္ကဋ္ဌ)၊ ဦးသိန်းဝင်း(အတွင်းရေးမှူး)နှင့် သံဃာ့ဒါနဆွမ်းလောင်းအသင်း ဓမ္မာရုံတို့၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဗုဒ္ဓပူဇနိယပွဲတော်နှင့် ပဋ္ဌာန်းမြွက်ပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မင်္ဂလာတောင်ညွန့်မြို့နယ် လမ်း ၁၁၀ ပဲခူးကျောင်းတိုက်အတွင်းရှိ အောင်ပြည့်ငြိမ်းအေး စေတီတော်မြတ်ကြီး၏ (၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၅ရက်မှ ၂၀ရက်အထိ အသံမစဲမဟာပဋ္ဌာန်းမြွတ် ရွတ်ဖတ်ပူဇော်ပွဲ၊ ၂၀ ရက်နှင့် ၂၁ ရက်ညများ၌ ဆီမီးသုံးထောင်၊ ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ထမနဲပွဲများဖြင့် ကျင်းပပူဇော်မည်ဖြစ်သည်။ **(က-ပ)**

မင်္ဂလာဈေးဓမ္မာရုံ တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး ကြေးသွန်းဘုရားကြီးရှေ့ ကြားတောရလမ်း မင်္ဂလာဈေး ဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁၆ရက်မှ ၁၈ရက်အထိ အရှင်သောဘဏ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇ ဓမ္မာစရိယနှင့် ၂၀ရက်တွင် အရှင်ခေမိန္ဒ သာသနာပြု နယ်လှည့်ဓမ္မကထိက စစ်ကိုင်းခင်မကန်တို့က ညစဉ် ၇နာရီမှစတင်၍ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ဇန်နဝါရီ ၁၂ရက်က ဈေးမိဈေးဖများအား အရေးပေါ်မီးငြိမ်းသတ်မှု လက်တွေ့ပြသပွဲကို ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမောင်တိုးက ပညာပေးဟောပြောပြီး ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ် မီးငြိမ်းသတ်မှုကို မီးသတ်ဆေးဘူးများဖြင့် လက်တွေ့သရုပ်ပြသကြသည်။

(မြို့နယ် ပြန်/ဆက်)

13-2 (12) 1 2/13/08, 1:46 AM

နောင်တရားမြို့ ဘုန်းတော်ကြီးကျောင်းသစ် ထီးတော်တင်လှူပူဇော်

နောင်တရား ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့နယ် နမ်းပုလင်းကျေးရွာအုပ်စု ခြမ်းရွာ နှစ်ထပ်တိုက်ဘုန်းတော်ကြီးကျောင်းသစ်ကြီး**(ဝဲပုံ)**ကို ထီးတော်တင်လှူပူဇော်ပွဲနှင့် ရေစက်ချတရားတော်နာယူပွဲကို ဒီဇင်ဘာ၂၉ရက်က ကျင်းပသည်။

ပွဲတော်သို့ နောင်တရားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ဌာနဆိုင်ရာများ၊ အထူးဒေသ(၆)ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် ငြိမ်းချမ်းရေးအဖွဲ့ တာဝန်ရှိသူများ၊ အနီးဝန်းကျင်ရှိ ရွာသူရွာသားများ၊ တောင်ကြီး၊ လွိုင်ကော်၊ ကလော၊ အောင်ပန်း၊ ရပ်စောက်၊ ညောင်ရွှေမြို့နယ်များမှ အလှူရှင်များ စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြသည်။

အဆိုပါ ခြမ်းရွာ ဘုန်းတော်ကြီး ကျောင်းသစ်ကြီးကို ၁၉၉၈ ခုနှစ်က စတင်တည်ဆောက်ခဲ့ရာ အလျား ၁၃၆ ပေ၊ အနံ ပေ ၈၀၊ အမြင့် ပေ ၅၀ ရှိ နှစ်ထပ်တိုက်ကျောင်းဖြစ်ပြီး ငွေကျပ် ၁၀၅၄ သိန်းကျော်ဖြင့် အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(၃၆၉)**

ဖျာပုံမြို့(၅)ရပ်ကွက် ပြည်သူများ ထည့်ဝင်ငွေဖြင့် ၅လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်း ဆောင်ရွက်မှုကို ဇန်နဝါရီ ၂၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးကျော်ခိုင်၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိန်နှင့် အဖွဲ့ဝင်များ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၃၇)

စည်ပင်သာယာရေးဦးစီးဌာန မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးညိုဝင်းမြင့်တို့ နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်လုပ်ငန်းဖြစ်သော ကြက်မောက်လမ်း ကတ္တရာခင်းရန် ဆောင်ရွက်ထားမှုကိုကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်ဝင်းနှင့်တာဝန်ခံအင်ဂျင်နီယာဦးခင်မောင်ဌွေးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

မိုးမောက်၌ ဝက်သက်ကာကွယ်ဆေးထိုးနှံပေး

မိုးမောက် ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်၏ ၂၀၀၈ ခုနှစ် အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်းကို ဇန်နဝါရီ ၂၅ရက် နံနက်၇နာရီက မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ ကျင်းပသည်။

ဆေးများထိုး

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းစိုးနှင့် ဒုတိယရဲမှူးမြင့်ကြူ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီသိန်းနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး မြို့နယ်ဆရာဝန် ဒေါက်တာ မိုးမိုးမင်းက အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ အသက်ကိုးလမှ ငါးနှစ်အောက်ကလေးငယ် ၁၉၀၆ဦးအား ဝက်သက်ကာကွယ်ဆေးများ ထိုးပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတစ်ဝန်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်း

ဘဝပန်းတိုင်စာကြည့်တိုက် တစ်နှစ်ပြည့် ကဗျာ၊ ဆောင်းပါး အလွတ်တန်းပြိုင်ပွဲဆုချီးမြှင့်

ကျောင်းကုန်း ဇန်နဝါရီ ၂၅

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၁)ရပ်ကွက် ကျုံပျော်လမ်း ဘဝပန်းတိုင် စာကြည့်တိုက် တစ်နှစ်ပြည့် အထိမ်းအမှတ် ကဗျာ၊ ဆောင်းပါး အလွတ်တန်းပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက် ၈နာရီက ရပ်ကွက်စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ရှင်းလင်းတင်ပြသည်။

ချီးမြှင့်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က ကဗျာ၊ ဆောင်းပါး ပထမဆုရရှိသူနှစ်ဦးအား ဆုချီးမြှင့်ပြီး**(အောက်ပုံ)**၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသိန်းထွန်းက ဒုတိယဆုရရှိသူ နှစ်ဦးအား ဆုချီးမြှင့်သည်။ ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူးဦးအောင်ဝင်းက တတိယဆုရရှိသူ နှစ်ဦးအား ဆုချီးမြှင့်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လှပိုမိုက အထူးဆုရရှိသူ နှစ်ဦးအား ဆုများချီးမြှင့်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ဟိုပန် ဇန်နဝါရီ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဟိုပန် မြို့နယ်တွင် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသော အားဖြင့် ရွှေဝါ ကျေးရွာအုပ်စု ပညာ့အလင်း စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၂ရက်က အဆိုပါအဆောက်အအုံ ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင်စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးစိုင်းဆာထွန်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းခမ်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မာလာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး ယင်းအဆောက် အအုံခန်းမတွင် ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ရေး၊ စာအုပ်တိုးပွားရေး၊ ရန်ပုံငွေ ရရှိရေးတို့ကို မြို့နယ်ဦးစီးမှူး ဦးစိုင်းဆာထွန်းက ရှင်းလင်းတင်ပြပြီး**(အပေါ်ပုံ)** စာဖတ်ဝိုင်းကို ဆက်လက်၍ ကျင်းပကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက် အဆောက်အအုံများ အခိုင်အမာဖြစ်ရေး ညှိနှိုင်းဆွေးနွေး

ကျောက်ဆည် ဇန်နဝါရီ ၁၈

ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွှန့်ရွှေ၊ ဒုတိယဦးစီးမှူး ဒေါ်ခင်နှင်းရီနှင့် ဝန်ထမ်းများ ဒီဇင်ဘာ ၁၁ရက်မှ ၁၅ရက်အထိ ကျောက်ဆည်မြို့နယ် သံရွာတိုက်နယ်အတွင်းရှိ ကင်း၊ တောင်တော်၊ ခတက်ကုန်း၊ ပဲခင်း၊ ပေါင်လောင်ကြီး၊ မြေစိုနှင့် မိုးကောင်းကျေးရွာအုပ်စုများအတွင်း ဖွင့်လှစ်ပြီး ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အဆောက်အအုံများဖြင့် အခိုင်အမာတည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်း ညှိနှိုင်းဆောင်ရွက်ကြရာ ခရိုင်ဦးစီးအရာရှိ ဦးညွှန့်ရွှေက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးကိုလည်းကောင်း၊ ဒုတိယဦးစီးမှူးဒေါ်ခင်နှင်းရီက စာကြည့်တိုက် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက် အကျိုးတရားများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် သံရွာတိုက်နယ်လုံးကျွတ် စာကြည့်တိုက်အဆောက်အအုံများ ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းညှိနှိုင်း ဆောင်ရွက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး လူကုန်ဆေးကျွေး စီမံချက်ရှင်းလင်း

နေပြည်တော်တပ်ကုန်း ဖေဖော်ဝါရီ ၃

ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူကုန်ဆေးကျွေး စီမံချက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၈ရက် နံနက် ၁၀နာရီက နေပြည်တော်တပ်ကုန်း ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သိန်းက အဖွင့်အမှာစကားပြောကြားပြီး တွဲဖက်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဝါဝါညွှန့်ရွှေက ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူကုန်ဆေးကျွေးစီမံချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ဖွင့်ပွဲအခမ်းအနားမှုခ်ဦးကို မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းလွင်၊ ကျောင်းအုပ်ဆရာမကြီးဒေါ်စမ်းရည်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

13-2 (13) 1 2/13/08, 1:46 AM

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ သမိုင်းဘာသာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ သမိုင်း

မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူများအတွက် သမိုင်းဘာသာ သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်း သင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းတွင် နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီး ခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကိုလေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကို ကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသားစိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့ အပိုင်းကိုလေ့လာတဲ့အခါ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆မှ ၁၉၂၀ကာလအတွင်း အမျိုးသားစိတ်ဓာတ် နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိရှိဖို့ လိုအပ်ပါတယ်။ သမိုင်းဘာသာရပ်တွင် ခုနှစ်သက္ကရာဇ်တိုင်း သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်သက္ကရာဇ်တွေကို သိရှိရပါမယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ်ကြီးဖြစ်တယ်။

မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းတွင် " တို့ဗမာအစည်းအရုံး"၏ အခန်းကဏ္ဍမှာလည်း အရေးပါတယ်။

၁၉၃၀ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမား အရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကိုလက်နက်စွဲကိုင် တော်လှန်ခဲ့ခြင်းဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ပြည့် ခရစ်နှစ် ၁၉၃၈ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ပြည့် အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ပြည့် အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။

မြန်မာ့သမိုင်းတွင် ၁၉၄၀-၁၉၄၅အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှုတော်လှန်ရေး ဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမ အဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်း ဖြစ်တယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန် တော်လှန်ရေး (၁၉၄၂-၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့ အခြေအနေများ အခြေခံသဘောထားနှင့် အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့ လိုပါတယ်။

လွတ်လပ်ရေးရယူခြင်း အပိုင်းကိုလေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင် ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုပါတယ်။

အင်္ဂလိပ်ခေတ်နဲ့ ဂျပန်ခေတ်တွေရဲ့ ယေဘုယျအခြေအနေကို လေ့လာတဲ့အခါ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဟူ၍ အပိုင်းလိုက်သိရှိရန်လိုအပ်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကို လေ့လာရာတွင် ၁၉၄၈-၁၉၅၈ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံ သောင်းကျန်းသူများ ပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို ဦးစားပေးလေ့လာရမှာ ဖြစ်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အောင်မြင်မှုတွေကို ဦးစားပေးလေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂အထိ ကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလ ဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို အလေးထား လေ့လာသင့်တယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျ အခြေအနေ တွေကို ထည့်သွင်းထားပါတယ်။ ယေဘုယျအခြေအနေတွေမှာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး အခြေနေ တွေကို ဦးစားပေး လေ့လာသင့်တယ်။

မြန်မာ့သမိုင်းသင်ရိုးကို မျက်မှောက်ကာလအထိ ရေးဆွဲထားတဲ့အတွက် ၁၉၈၈မှ ယနေ့အထိ ကာလကိုလည်း လေ့လာဖို့လိုပါတယ်။ ဒီအပိုင်းမှာလည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရဟူ၍ နှစ်ပိုင်းခွဲ၍ လေ့လာသင့်တယ်။ ဒီလို လေ့လာရာမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး အခြေနေတွေကို လေ့လာသင့်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင်စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလော အကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းပုံဆိုပြီး ပိုင်းခြား လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသား လှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်ပါတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေမယ့် မအောင်မြင်ခဲ့ဘူး၊ ဒါကြောင့် နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စံနစ်၏ အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ဖက်စစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာ ပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

အီတလီ၊ ဂျာမနီနဲ့ ဂျပန်နိုင်ငံတွေမှာ ဖက်ဆစ်စနစ် အားကောင်းလာခြင်းဟာ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားစေဖို့ အခြေအနေများ ဖန်တီးလာတယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကိုလေ့လာရင် အခြေခံအကြောင်းအရင်းများနဲ့ လတ်တလောအကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုပါတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စုထိပ်သီး အင်အားကြီး နိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက် ထိပ်သီးအင်အားကြီး နိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံ နိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ် ကျယ်ပြန့်လာတယ်။ ဒုတိယ ကမ္ဘာစစ်အတွင်းက အရှေ့ဥရောပနိုင်ငံများဖြစ်ကြတဲ့ ပိုလန်၊ ချက်ကိုစလိုဗက်ကီးယား၊ ရူမေးနီးယားစတဲ့ နိုင်ငံတွေဟာ နာဇီ ဂျာမနီရဲ့ လက်အောက်ခံအဖြစ် ကျရောက်ခဲ့တယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး စစ်ပွဲများဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာထူးခြားတဲ့ သမိုင်းဖြစ်ရပ် တစ်ခုဖြစ်တယ်။

ဒုတိယကမ္ဘာစစ်အပြီးကာလတွင် ပေါ်ပေါက်လာခဲ့တဲ့စစ်အေးဟာထူးခြားတဲ့ သမိုင်းဖြစ်စဉ် တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်း လေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်အပြီးကာလတွင် အမေရိကန်နိုင်ငံဟာ အနောက်ဥရောပနိုင်ငံများကို စီးပွားရေးနှင့် စစ်ရေးအကူအညီများပေးပြီး ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ အနောက်ဥရောပနိုင်ငံများအနေနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့များကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

တစ်ဖက်မှာလည်း ဆိုဗီယက်ဦးဆောင်တဲ့ ကွန်မြူနစ်အုပ်စုပေါ်ပေါက်လာတယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့-

၁။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂။ အန်ဇတ် (ANZUS)
၃။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄။ ဗဟိုစာချုပ်အဖွဲ့

များ ဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အားကျမခံ ဝါဆောစစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများ အပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင် တပ်ဆင်လာကြတယ်။

စစ်အေးကာလတွင် နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာ အရေးအခင်းတွေကတော့ -

၁။ ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂။ ကိုရီးယားစစ်
၃။ စူးအက်အရေးအခင်း
၄။ ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်၊ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှနိုင်ငံ အပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စု ပြိုကွဲခြင်းနှင့် စစ်အေးကာလ ပြီးဆုံးခြင်း ခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ခေါင်းစဉ်များ ဖြစ်တဲ့အတွက် ဦးစားပေး လေ့လာသင့်တယ်။

စာမျက်နှာ ၁၆ ကော်လံ ၁

အသောက ဓမ္မရိပ်သာကျောင်းဆောင် ဆောက်လုပ်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် အသောက ဓမ္မရိပ်သာကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် မောင်ချမ်းငြိမ်းကျော်-မခိုင်နှင်းဝေ (ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်)က အလှူငွေကျပ်နှစ်သိန်းခွဲ **(ဝဲပုံ)**၊ ဦးဇော်မင်းချို-ဒေါ်မြရင်မိသားစု ဗိုလ်တထောင်မြို့နယ်က အလှူငွေကျပ် နှစ်သိန်းနှင့် ဦးမောင်မောင်အေး-ဒေါ်ခင်အေးဝင်းမိသားစု လှိုင်သီရိအိမ်ရာ လှိုင်မြို့နယ်က အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းကြရာ ကျောင်းတိုက် ဆရာတော်က လက်ခံရယူသည်။

လှူဒါန်းနိုင်

အဆိုပါ ကျောင်းဆောင်သစ်အတွက် လှူဒါန်းလိုသူများသည် ဖုန်း- ၅၅၉၄၇၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပျဉ်းမကန်စံပြကျေးရွာ ဘုရားကြီးကျောင်းတိုက် ဓမ္မဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် ဇန်နဝါရီ ၁၂ရက်က ပျဉ်းမကန်စံပြကျေးရွာ အရှေ့ပိုင်းရပ်ကွက်နေ ဦးမောင်ငွေ-ဒေါ်နွဲ့ရီ မိသားစုက အလှူငွေကျပ် ငါးသိန်းကို ကျောက်တန်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တသုန္ဒရ(မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြေးပိဋကတ်တော်ပြုလုပ်ရန် ငွေများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် ယမကပါဠိတော်ကျမ်း (တတိယအုပ်)အတွက် ကြေးပိဋကတ်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရ ဓမ္မာစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ) အရှင်မြတ်ထံသို့ ပုဇွန်တောင်မြို့နယ် ရေကျော် မဟာဗေယျလမ်း အမှတ်(၁၆)နေ ဦးလှရွှေ- ဒေါ်အောင်မေညွန့်၊ ဗိုလ်တထောင်မြို့နယ် ၄၆ လမ်း အမှတ် (၁၃၇)နေ မိခင်ကြီး ဒေါ်အေးအား အမှူးထား၍ ဦးယုကြည်-ဒေါ်ကြည်ကြည်လွင်၊ ညီမ ဒေါ်ခင်မေကြည်၊ သား မောင်စိုးကြည်လွင်၊ သမီး မနွယ်နီထွန်း၊ မမေရွှေရည်ဝင်း၊ လှိုင်မြို့နယ် ၃ရပ်ကွက် အေးရိပ်မွန် ၇လမ်း၊ တိုက် ၁၅နေ ဒေါ်မြင့်၊ ကျောက်တံတားမြို့နယ် ၃၉လမ်း အမှတ်(၁၁၀)နေ ဒေါ်မြအုန်း၊ ဦးကျော်ညွန့်၊ ဦးကျော်စိန်၊ အလုံသစ်တောဝင်း အရာရှိရိပ်သာ အမှတ်(၃)နေ ဦးမြင့်သန်း- ဒေါ်အေးအေးသန်း၊ သားမောင်သီဟမျိုးသန့်-မနွေးနွေးဝင်းကို၊ သားမောင်စည်သူအောင်၊ သမီး မသန္တာအေး၊ လှိုင်မြို့နယ် ၅ရပ်ကွက် ကံ့ကော်လမ်း မြကန်သာအိမ်ရာနေ ဒေါက်တာခင်မောင်ဦး-ဒေါက်တာ ဒေါ်သန်းသန်းဆင့်၊ ဘားအံ မြို့နယ် မြိုင်ကလေး တပ်မတော် ဘိလပ်မြေစက်ရုံ အမှတ်(၁၁)မှ ဒုတိယ ဗိုလ်မှူးကြီးငွေဝင်း - ဒေါ်မိမိအေး၊ ဗိုလ်ကြီးသန့်ဇင်၊ တောင်ဥက္ကလာပမြို့နယ် ၆ရပ်ကွက် ၁၇လမ်း အမှတ် (၆၀၂)နေ ဖခင် ဦးသက်ညွန့်- မိခင် ဒေါ်စိန်ရှင်တို့အား ရည်စူး၍ မမဥ္ဇူသက်နှင့် မောင်နမတစ်စု၊ သားသမီး၊မြေးမြစ်များက ကြေးပြားနှစ်ချပ်စီ၊ မော်ဘီမြို့ ဘောလုံးစက်ရုံဝင်းမှ ဦးတင်အောင်-ဒေါ်စန်းစန်း၊ တာမွေမြို့နယ် ကျောက်မြောင်း နိုကြေလမ်း အမှတ် (၄၇)နေ ဦးမောင်အေး-ဒေါ်ဝါမချော၊ ကြည့်မြင်တိုင်မြို့နယ် ရေတွင်းကုန်း ၂လမ်း အမှတ်(၁၅)နေ ဦးလှထွေး-ဒေါ်သန်းလှတို့အား ရည်စူး၍ သမီး ဒေါ်စန်းစန်းမြင့်၊ မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် ရဲရန်အောင်လမ်း အမှတ် ၂၁၁နေ ဦးတင်ဆောင်- ဒေါ်မြသိန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အောင်ဇေယျလမ်း အမှတ် ၄၆ အခန်း ၁၀၁နေ ဒေါ်ခင်ဝင်းရွှေ၊ သား မောင်ကိုကိုလွင်၊ သမီး မမေမျိုးမြတ်တို့က ကြေးပြားတစ်ချပ်စီ စုစုပေါင်း ကြေးပြား ၂၁ချပ်အတွက် အလှူငွေကျပ် ၅၂၅၀၀၀ ကို လှူဒါန်းကြသည်။

လှူဒါန်း

ဆက်လက်၍ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြဈေးရုံ (က) ဒိုင်အမှတ်(၆)မှ အဖ ဦးစီ- ဒေါ်သန်းတင်(ဖျာပုံမြို့နယ် ကျုံကူကျေးရွာ)အားရည်စူး၍ သမီး ဒေါ်ကြွေ(ခ)ဒေါ်လှမြင့် ပြည့်စုံမိသားစုတို့က ယမကပါဠိတော်(တတိယအုပ်) ကြေးသေတ္တာတစ်လုံး တန်ဖိုးငွေကျပ် ၁၂၀၀၀၀ကို လာရောက်လှူဒါန်းသည်။ (က-ပ)

မြို့နယ်သတင်းများ

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးသိန်းထူး၊ သရက်ချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ ပြုစုပျိုးထောင်မှုကို ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလင်းသက်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့်ဆောင်ရွက်သော ဂန္ဓမာလမ်း ကတ္တရာခင်းခြင်းကို ဇန်နဝါရီ ၁၃ ရက်က အမှုဆောင်အရာရှိ ဦးမျိုးဇော် ကြီးကြပ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

အမှတ် ၁၂ အောင်ချမ်းသာလမ်း ဘီအိုင်ပီရပ်ကွက် သဃ်န်းကျွန်းမြို့နယ်နေ ဦးအုန်းမောင်-ဒေါ်သောင်းရှင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေ ပဒေသာပင်နှင့် ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင် လက်ခံယူစဉ်။ (က-ပ)

ပဲခူးမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြသ

ပဲခူး ဇန်နဝါရီ ၃၁

ပဲခူးတိုင်း မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း တိုင်းရုံးရှေ့တွင် ဇန်နဝါရီ ၂၂ရက် နံနက် ၁၀ နာရီက မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကိုကျင်းပရာ ရှေးဦးစွာ တိုင်းရောင်းဝယ်ရေး အရာရှိ ဦးခင်လှက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းမီးသတ်ဦးစီးမှူး ရဲသူရိန်လှမြင့်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ဟောပြောပြီး မီးလောင်လျှင် မီးသတ်ဘူးများနှင့် မီးငြိမ်းသတ်နည်းကို လက်တွေ့ သရုပ်ပြသကြသည်။ **(အောက်ပုံ)**

တက်ရောက်

ယင်းအခမ်းအနားသို့ ပဲခူး၊ ဝေါ၊ အင်းတကော်၊ သနပ်ပင်၊ သက္ကလ၊ ဘုရားကြီးတို့မှ ဆိုင်မန်နေဂျာများနှင့် ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မူကြိုတိုးချဲ့ဆောင်သစ်ဖွင့်

ဟိုပင် ဇန်နဝါရီ ၂၇

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ထားသည့် နေ့ကလေးထိန်းမူကြို တိုးချဲ့ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၂ ရက်က ကလေးထိန်း မူကြိုတိုးချဲ့ဆောင်သစ်ရှေ့၌ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

စာမျက်နှာ ၁၅ မှ

[illegible]

International Warranty & Service တို့နှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၂

Lucky Bird Trading Co.,Ltd. မှ Toshiba Notebook Authorized Dealer & Service Provider (Myanmar)၏ International Warranty & Services တို့နှင့်ပတ်သက်၍ စာနယ်ဇင်း ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက်၉နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆာကူရာတာဝါ သီရိပစ္စယာခန်းမ၌ကျင်းပရာ Lucky Bird Trading Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးထင်အောင်ခိုင်က Toshiba Notebook ၏နောက်ခံသမိုင်းကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်လာသော Toshiba၏ နည်းပညာဆန်းသစ်တီထွင်မှုများကို ရှင်းလင်းတင်ပြသည်။ (ယာပုံ)

ဆက်လက်၍ Lucky Bird Trading Co.,Ltd. မှ ဒါရိုက်တာ ဒေါ်မေဖြူသွယ်က ကုမ္ပဏီမှဖြန့်ဖြူးသည့် Toshiba Notebook များအား နိုင်ငံတကာ အရည်အသွေးမီလက်မှတ်နှင့် ဝန်ဆောင်မှုများပေးနေမှု အခြေအနေ၊ပေါ့ပါးပြီး သယ်ဆောင်ရလွယ်ကူသော Toshiba Notebook များအကြောင်းကိုလည်းကောင်း၊ Service Manager ဦးအောင်ဟိန်းမင်းက International Warranty & Services အကြောင်းကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

သယ်ဆောင်နိုင်

Toshiba Corporation အနေဖြင့် ၁၉၈၅ခုနှစ်တွင် ကမ္ဘာ့ပထမဆုံး လက်ဆွဲကွန်ပျူတာကို ထုတ်လုပ်ခဲ့ပြီး ယခုအခါ တီထွင်ဆန်းသစ်မှု အတွေ့အကြုံသစ်များနှင့် ပေါင်းစပ်၍ အမြဲတစေ ဆန်းသစ်နေမည့် နည်းပညာများနှင့်အတူ နောက်ဆုံးပေါ် ဒီဇိုင်းတို့ဖြင့် အလွယ်တကူ ပေါ့ပါးစွာ သယ်ဆောင်နိုင်သည့် Toshiba Notebook များကို Satellite, Portege, Tecra, Qosmio စသည်ဖြင့် အမျိုးအစားလေးမျိုး ထုတ်လုပ်လျက်ရှိသည်။ Lucky Bird Trading Co.,Ltd. မှ ဝယ်ယူသော Toshiba Notebook များကို ပစ္စည်းဖိုးနှင့် လက်ခမဲ့ပြုပြင်ပေးလျက်ရှိသည့်အပြင် Internet မှတစ်ဆင့် မိမိဝယ်ယူ သော Toshiba Notebook များကို အာမခံပေးပြီး ထုတ်လုပ်သည့် နိုင်ငံနှင့် ထုတ်လုပ်သည့်ရက်စွဲတို့ကို အသေးစိတ် စစ်ဆေးနိုင်မည့်အပြင် www.pc.Toshiba-Asia-Comသုံးပြီး Websiteမှ နေ၍ ၂၄နာရီ ပိတ်ရက်မရှိ ကြည့်ရှုနိုင်ပြီး ဝန်ဆောင်မှုများပေးလျက်ရှိသည်။ Toshiba၏အရည်အသွေးမြင့် Notebook များကို ဝယ်ယူသုံးစွဲလိုပါက Lucky Bird Trading Co.,Ltd. သိမ်ဖြူလမ်း အမှတ်၃၅၅ အခန်း၁၀၆ ဖုန်း–၂၄၁၈၆၇၊ ၃၇၉၈၇၅ တို့သို့ ဆက်သွယ်၍ အာမခံချက်အပြည့်ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော် အနောက်ဘက် စောင်းတန်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ပြည်မြို့ ဦးမောင်မောင်လွင်–ဒေါ်မော်လီစိန်တို့အားရည်စူး၍ သား ကိုကျော်ကျော်လွင်မိသားစုတို့က စောင်းတန်းတစ်ခန်းစာအတွက် အလှူငွေကျပ်၂၉သိန်းကို ပေးအပ်လှူဒါန်းရာ အလှည့်ကျဂေါပကအဖွဲ့က လက်ခံယူစဉ်။ (ဝ၅၇)

ဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးရေး တာဝန်ပေးအပ်

ရေတာရှည် ဖေဖော်ဝါရီ ၆

ပဲခူးတိုင်း ရေတာရှည်မြို့နယ်၏ ၂၀၀၈ခုနှစ် ဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

လျာထားဧက

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး၂၀၀၈ခုနှစ် ဂုန်လျှော်၊ ချဉ်ပေါင်လျှော် ကျေးရွာအုပ်စုအလိုက် လျာထားဧက အပြည့်အဝစိုက်ပျိုးရေး မှာကြားသည်။

တာဝန်ပေး

ယင်းနောက် မြန်မာ့ဂုန်လျှော်လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးလှသိန်းက ဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးရေးနှင့် အထွက်တိုးရေးအတွက် ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျေးရွာအုပ်စု ၃၁အုပ်စုတွင် ဂုန်လျှော်၊ ချဉ်ပေါင်လျှော် ဧက၄၀၀၀ စိုက်ပျိုး ထုတ်လုပ်ရေးအတွက် တာဝန်ပေးအပ်လွှာများကို သက်ဆိုင်ရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌများသို့ ပေးအပ်သည်။

(က–ပ)

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့ရေပေးဝေရေးလုပ်ငန်းကို ဖေဖော်ဝါရီ၁ ရက်က အမှုဆောင်အရာရှိ ဦးကျော်(ချ်)မျိုးမြင့် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ဇင်ဇင်သက်က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)



လက်ထပ်ထိမ်းမြားပြီးစီးခြင်း

နမ့်လန်မြို့နေ ဒုတိယဗိုလ်မှူးကြီးမင်းနောင်–ဒေါ်ယုဇနပြုံးတို့၏သားတပည့်၊ တောင်ကြီးမြို့ စဝ်စံထွန်းရပ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၃၂၄)နေ [ဦးမျိုးညွန့်(ခ)ကိုနီ]–ဒေါ်စုစုသန်းတို့၏ သားကြီး

ဗိုလ်ကြီးမျိုးသီဟ

B.Sc(Physics)

(တေဇ–၃၀) **နှင့်**

တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်နေ ဦးသိန်းလွင်–ဒေါ်ခင်မြိုင်တို့၏မြေး၊ တောင်ကြီးမြို့ ရတနာသီရိရပ် ကြံ့ခိုင်ရေးလမ်း အမှတ်(၇/၄၅၉)နေ ဦးမန်းဇော် (မိဘမေတ္တာ မိုးကာကူရှင်လုပ်ငန်း)–ဒေါ်သန်းသန်းအေး တို့၏သမီး

မသန္တာအေး

B.Sc(Maths) Dip. Ed

အမက(၂) ဘန်းယဉ်

တို့သည် ၉–၂–၂၀၀၈ရက်တွင် တောင်ကြီးဟိုတယ် မင်္ဂလာခန်းမ၌ နှစ်ဖက်သောလူကြီး မိဘများရှေ့မှောက်တွင် လက်ထပ်မင်္ဂလာဧည့်ခံပွဲ ကျင်းပပြီးစီးပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးမျိုးသီဟ–မသန္တာအေး။**

အမြန်ရောင်းမည်

သဃ်န်းကျွန်း –	**ဓဝန Junction- City Mart**
(သုမင်္ဂလာအိမ်ရာ)	**နှင့် ILBC အနီး၊**
Pent House -	**1BR ဧည့်ခန်း (ပန်းခြံပြင်ထား)**
3F ၃၂ ' x ၅၀'	**1 MBR, 2BR ဧည့်ခန်း၊ မီးဖိုခန်း**
	(ဂရင်းနိုက်ခင်း၊ ကြွေပြားကပ်)
Pent House + 3f	**= 3200 စတုရန်းပေ**
ညှိနှိုင်းဈေး	**– ပိုင်ရှင်ဖုန်း–၆၄၄၅၅၈၊ ဝ၉–၅၁–၁၈၂၃၄။**



အမည်ပြည့်စွက်ခြင်း

အဖ ဦးလေးမောင်၏သမီး ဒေါ်ရင်ရွှေ ၁၂/တမန(နိုင်) ဝဝ၆၆၃ဝ အား ယနေ့မှစ၍ ဒေါ်ရင်ရွှေ(ခ) ဒေါ်ရင်ရင်ရွှေဟု ဖြည့်စွက်ခေါ်ပါရန်။

ဒေါ်ရင်ရွှေ(ခ)ဒေါ်ရင်ရင်ရွှေ။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မိုးညှင်းခရိုင် တရားမဇာရီမှုအမှတ် –၂၁

မြန်မာ့စီးပွားရေးဘဏ်	**နှင့်**	၁။ ဦးခင်မောင်ဝင်း(ခ)ခင်ဝင်း
မိုးကောင်းမြို့။		၂။ မောင်ခိုင်ဇော်
တရားနိုင်		**တရားရှုံးများ**

မိုးညှင်းခရိုင် တရားရုံးတော်၌ ၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်–၄ တွင် ချမှတ်ခဲ့သော ဒီကရီအရ တရားရှုံးများက တရားနိုင်ဘဏ်သို့ပေးသွင်းရန်ငွေကျပ် ၃၃၉၃၉၀၆/၃၇ပြား(ကျပ်သုံးဆယ့်သုံးသိန်းကိုးသောင်းသုံးထောင်ကိုးရာခြောက်ကျပ်နှင့် သုံးဆယ့်ခုနစ်ပြားတိတိ)ပေးသွင်းရန်အတွက် အောက်ဖော်ပြပါမရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၈ ခုနှစ် မတ် ၁၇ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် တပေါင်းလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့ နောင်ကိုင်တော်ရပ် အမှတ်၁၀/၄ ဦးပိုင်အမှတ်–၆၁ ဧရိယာ ဝဒသမ၂၆၄ဧက၊စတုရန်းပေ ၁၁၅၀၀။

ယင်းမြေကွက်ပေါ်ရှိ ၂၇ပေ x၂၇ပေနှစ်ထပ်အိမ်၊ ၁၃ပေ x ၈ပေ တစ်ထပ်ပတ်ကားမီးဖိုချောင်တွဲလျက်၊ ၃၂ပေx၁၆ပေရှိ ဆန်ဂိုဒေါင် အဆောက်အအုံတစ်ခု။

ကြမ်းခင်းဈေး ကျပ် ၄၅သိန်း။

လေလံစည်းကမ်းများ

၁။ ပစ္စည်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်ပါသည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်က တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းချက်များကိုလည်း ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်မြင့်စန်း
ခရိုင်တရားသူကြီး
မိုးညှင်းမြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်–၅၊ နည်းဥပဒေ ၁ နှင့် ၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားမရုံး၌
၂၀၀၇ခုနှစ် တရားမကြီးအမှုအမှတ်–၃၀၁

Good Faith Services Limited	**နှင့်**	မောင်အောင်ကျော်ဦး
(၎င်း၏ကိုယ်စားတာဝန်လွှဲအပ်ခံရသူ ဦးထွန်းဝင်း)		
တရားလို		**တရားပြိုင်**

အမှတ်(က/၁၀)ရွှေဥမင်လမ်း၊ ပုဇွန်ဆိပ်ကုန်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့နေ မောင်အောင်ကျော်ဦး သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၇၃၁၇၀၅၅+FEC 527 ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ၁၈ရက်(၁၃၆၉ခုနှစ် တပို့တွဲလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်ဝင်းဆွေ
ခရိုင်တရားသူကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား နေပြည်တော်၌ ကျင်းပ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးဖတ်ကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊ အမျိုးသားညီလာခံကချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေး အနှစ်သာရပြည့်ဝစွာဖြင့် ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ***စာမျက်နှာ ၇ ကော်လံ ၁*** ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သောသဝဏ်လွှာကို ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဖတ်ကြားစဉ်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ မြို့တော်ခန်းမတွင် ရောင်စုံမီးများ ထွန်းညှိထားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြု

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

❐ **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏တတိယအဆင့်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲမှုမှာ ပြီးစီးတော့မည်ဖြစ်။**

ကျော်မင်းအေး၏ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေဆောင်းပါး (စာ - ၈၊ ၉)

❐ **အမျိုးသားရေး သမိုင်းပေးတာဝန်**

မောင်လှသိန်း(သတ္တုတွင်း)၏ ကဗျာ (စာ - ၉)

13-2 (20) 1 2/13/08, 1:46 AM